# ကြေးမုံ

**The Mirror**

၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ တနင်္ဂနွေနေ့၊ (27-11-2011) (၆၉၅၆)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

**နေပြည်တော်  နိုဝင်ဘာ  ၂၆**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Md Abdul Mubeen, ndc, psc ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်ကြည်းတပ်ဦးစီးချုပ်နှင့် တွေ့ဆုံ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုခိုင်မြဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေး



**နေပြည်တော်  နိုဝင်ဘာ  ၂၆**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Md Abdul Mubeen , ndc, psc ၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ○

**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Md Abdul Mubeen, ndc, psc တို့ တွေ့ဆုံဆွေးနွေးကြစဉ်။**
(သတင်းစဉ်)

ကြေးမုံစာတည်းရှထောင့် ၂၇-၁၁-၂၀၁၁ [တနင်္ဂနွေနေ့]။

# တောင်သူများ မှန်းချက်နှင့် နှမ်းထွက်ကိုက်အောင်

သည် နွေ မိုး ဆောင်း ရာသီစက်ဝန်းတို့ ပြောင်းလဲနေပြီ။ နိုင်ငံ၏ လူများစု ကျေးလက်ဒေသနေ တောင်သူလယ်သမားများလည်း ရာသီအလိုက် လှုပ်ရှားနေကြသည်။ အဓိကအားဖြင့် စပါးနှင့် သီးနှံစုံစိုက်ပျိုးရေး လုပ်ငန်းများ ဖြစ်သည်။ ရှေးကဆိုလျှင် တစ်မိုးတွင်းအပင်ပန်းခံ၍ အလုပ်လုပ်လျှင် တစ်နွေထိုင်စားနိုင်သည်ဟု ဆိုသည်။

ယနေ့သော် တိုးပွားလာသော လူဦးရေ၊ လူမှုဘဝမြင့်မားရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရာသီအလိုက် အချိန်ပြည့်အားထုတ်လုပ်ကိုင်နေကြရပြီ။ မိုးရာသီ စပါးစိုက်ပျိုးချိန်မှစ၍ ထွန်ရေးညက်ညက်၊ စိုက်ကွက်စိပ်စိပ်၊ သီးနှံမျိုးကောင်းကောင်းဖြင့် ကြိုးပမ်းကြရ၏။ စပါးတစ်ဧကအထွက်တိုးရေး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး သွင်းအားစုတွေ အချိန်မီကျွေးကြရ၏။ ဒေသစားသုံးမှု ဖူလုံရေးမှသည် ပိုလျှံထွက်ရှိတင်ပို့နိုင်ရေးအထိ အဆင့်ဆင့် မှန်းထားရသေး၏။

မိုးအကုန် ဆောင်းကူးသည့် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် စပါးရိတ်သိမ်းအပြီး ဒုတိယသီးနှံ စိုက်ပျိုးရေး ရှိသေး၏။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲနောက်၊ ဆောင်းမြေပဲ၊ ပင်ထောင်စိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်မှ အကျိုးများပေမည်။ ဆီထွက်သီးနှံ စိုက်ပျိုးသည့် ဒေသများ၌ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ စိုက်ပျိုးရေးလုပ်ငန်းများ ရှိသေးသည်။ တောင်သူများအနေဖြင့် ကုန်းရုန်းစိုက်ပျိုးနေ၍ချည်းမရ။ ခေတ်မီစိုက်ပျိုးရေးနည်းပညာ၊ အထွက်တိုးသီးနှံမျိုးသစ်တို့ကို မျက်ခြည်မပြတ် လေ့လာကြရဦးမည်။ ကြိုးစားနိုင်မှ တော်ကာကျမည်။

အဓိကလိုအပ်သည့် စိုက်ပျိုးရေ ထိုက်သင့်သမျှ ရနေကြသည်။ ဓာတ်မြေဩဇာရောင်းချသည့် ကုမ္ပဏီများ၊ စိုက်ပျိုးရေးပညာရှင်များ ကျေးရွာများသို့ ကွင်းဆင်းကြသည်။ နောက်ဆုံးပေါ် စိုက်ပျိုးရေး သတင်းအချက်အလက်၊ သီးနှံစုံမျိုးစေ့များပါလာကြသော်လည်း တောင်သူတို့၏ ဆာလောင်မွတ်သိပ်မှုကို အပြည့်အဝ မဖြည့်ဆည်းပေးနိုင်သေး။ ပိုမိုအားထည့် ပံ့ပိုးကူညီကြရပါဦးမည်။

စိုက်ပျိုးရေးတွင် စိုက်ပျိုးရေအပြင် သီးနှံမျိုးအပါအဝင် စိုက်ရေး၊ ပျိုးရေး၊ ရိတ်သိမ်းခြွေလှေ့ရေးစရိတ် အဆင့်ဆင့်ရှိသေးသည်။ ယခုအခါ နိုင်ငံတော်က တောင်သူလယ်သမားများအတွက် အသေးစားချေးငွေများ ပေးအပ်နေသည်။ ကျေးရွာအုပ်စုအလိုက် ကျေးလက်နေပြည်သူများ လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး၊ အသေးစားချေးငွေများ သိန်း ရာနှင့်ချီ၍ ပေးအပ်နေသည်။ နိုင်ငံတော်၏ စေတနာကို သိမြင်ကြိုဆိုထိုက်ပေသည်။

တောင်သူလယ်သမားများအပိုင်းက နိုင်ငံတော်၏ ပံ့ပိုးမှုကို အကျိုးရှိရှိ အသုံးချရန် လိုအပ်သည်။ ထိုငွေကို တစ်နှစ်တာအတွင်း စည်းကမ်းတကျ စိစစ်သုံးစွဲကြရပါမည်။ တစ်နှစ်ပတ်လုံး သီးနှံစုံစိုက်ပျိုးမှုနှင့်အတူ တစ်ပိုင်တစ်နိုင် မွေးမြူရေး၊ ဟင်းသီးဟင်းရွက် ပန်းမန် တွဲဖက်စိုက်ပျိုးရေး၊ ရာသီမှန်၊ အချိန်မှန်၊ နည်းလမ်းမှန်၊ ဝီရိယရှိရှိ၊ စည်းကမ်းရှိရှိ ကြိုးစားလုပ်ကိုင်မှသာ တောင်သူတိုင်း မှန်းချက်နှင့် နှမ်းထွက်ကိုက်ပြီး တောင်သူတို့၏ ဘဝရသများ ပိုမိုပြည့်စုံလာမည်ဖြစ်ပါကြောင်း။ ။

# ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီသုံးခုတို့ စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး လုပ်ငန်းများအတွက် Materials for Pretensioned PC Girders ဝယ်ယူရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် Barons Machinery & Engineering Pte., Ltd.၊ Royal Sandakuu Group Companies နှင့် Tianjin Universal Machinery Import & Export Company တို့ စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် ညနေ ၆ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ အဆိုပါစာချုပ်ချုပ်ဆိုပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ကုမ္ပဏီသုံးဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ကုမ္ပဏီသုံးဖွဲ့ကိုယ်စား Barons Machinery & Engineering Pte., Ltd. မှ Director ဦးအောင်ကျော်ဖြိုးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကုမ္ပဏီသုံးဖွဲ့တို့မှ တာဝန်ရှိသူများသည် စာချုပ်များကို လက်မှတ်များရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် Materials for Pretensioned PC Girders ဝယ်ယူရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် Barons Machinery & Engineering Pte., Ltd.၊ Royal Sandakuu Group Companies နှင့် Tianjin Universal Machinery Import & Export Company တို့ စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

## ၂၇-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို
- ၈း၂၆ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

- ၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၁၅ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၁း၂၅ ၅။ **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၈)**
- ၁၁း၅၅ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မခွဲချင်တဲ့ချစ်လမ်းခရီး**
- ၁၂း၄၅ ၇။ ကျန်းမာသုတ
- ၁း၀၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၁း၁၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၃၇)**

**ညပိုင်း**

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ လျှပ်တစ်ပြက်
- ၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၅၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၉။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၂။ ဘဝကြေးမုံ -သဏ္ဍာန်မဲ့ထုထည် (ဖိုးသောကြာ၊ အကယ်ဒမီမိုးဒီ၊ ထိုက်ဆုဝင်းနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့ စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၇၄)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၀။ ပဟေဠိနန်းတော်
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၁၄)**
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၉၉)**

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၆-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၃၄၀၀ | ၀. ၀၃၁၄၁ |
| တရုတ် (ယွမ်) | ၆. ၃၇၃၂၀ | ၀. ၁၅၆၉၁ |
| အိန္ဒိယ (ရူပီး) | ၅၂. ၂၅၀၀ | ၀. ၀၁၉၁၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၉၇၄၀ | ၀. ၃၁၂၇၅ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၁၃၃၀ | ၀. ၇၆၁၄၄ |
| ဂျပန် (ယန်း) | ၇၇. ၇၄၂၅ | ၀. ၀၁၂၈၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၂. ၃၀ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၅၅၄၆ | ၁. ၃၂၃၇၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၇၇၅ | ၁. ၅၄၃၈၀ |

**အင်တာနက်။**

# မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

**မီးသတ်ဦးစီးဌာန**

# ပုသိမ်အထက(၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပုသိမ်မြို့ အထက(၁) ယခင်ဟိုက်စကူးကျောင်းတွင် ၁၉၅၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီး လှမြင့်(ငြိမ်း) ဖုန်း-၀၉-၅၃၅၀၇၇၉၊ ဦးတင်မောင်ဝင်း ဖုန်း-၀၉-၄၉၂၆၂၀၄၄၊ ဦးတင်ဝင်း ဖုန်း-၀၄၂-၂၅၄၇၄၊ ဒေါက်တာအောင်စိန် ဖုန်း-၀၄၂-၂၂၃၀၁၊ ဦးစိန်တင် ဖုန်း-၀၄၂-၂၄၇၇၄၊ ဗိုလ်ကြီးစောလင်း(ငြိမ်း) ဖုန်း-၀၉-၈၀၃၃၀၇၈၊ ဗိုလ်ကြီးမြင့်သိန်း (ငြိမ်း)ဖုန်း-၀၁-၅၄၁၂၈၇၊ ဦးမောင်ကြိုင် ဖုန်း-၀၉-၅၁၆၉၁၃၅နှင့် ဦးအုန်းကျော် ဖုန်း-၀၉-၅၁၃၁၂၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



**နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အထက(၁)တွင် အဝီစိတွင်းတူးရန် မတည်အလှူငွေ ကျပ်၁၀သိန်းကို ဦးသန်းထွန်း-ဒေါ်ရီရီပြုံး၊ သား မောင်လွင်မိုး- သမီး မနီလာဝင်း၊ သား မောင်မျိုးမင်းသူ၊ မောင်တင်မိုးထွန်း၊ မြေးများဖြစ်ကြသော ဝေဝေး၊ လွန်လွန်း၊ ရွှန်ရွှန်းမိသားစုက ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ထွေးခင်ထံ ပေးအပ်လှူဒါန်းစဉ်။** (၃၁၄)



**ဒလမြို့နယ် ခနောင်မီးခြစ်စက်၊ ခနောင်ချောင်းဝ၊ ခနောင်ရှမ်းစု၊ ခနောင်အထက်ကျေးရွာများ၌ နိုဝင်ဘာ ၁၉ ရက်က ကျင်းပသော မှူးခင်းကျဆင်းရေး ပညာပေးဆွေးနွေးပွဲတွင် ဒုတိယရဲမှူး ကျော်ဝင်း ဟောပြောစဉ်။** (၆၁၁)

# သွားနှင့် ခံတွင်းပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ သွားနှင့်ခံတွင်းပညာရပ်ဆိုင်ရာ ဟောပြောပွဲကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်ပြီး ဟောပြောပွဲတွင် ဒေါက်တာအောင်မြင့်က Dental Practice Management ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ သွားနှင့်ခံတွင်းပညာရပ်ဆိုင်ရာ ဆရာဝန်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

☆ **ရှေ့ဖုံးမှ**

ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းနေလင်းနှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❍ ဒုတိယတပ်မတော်မှ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ Kurmitola လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းလွင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးမြင့်သိန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brig-General , Md Shahidul Hagueနှင့် ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ အရာရှိကြီးများ၊ မြန်မာသံရုံးမှ ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Hotel Radisson သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်များသည် မွန်းတည့် ၁၂ နာရီတွင် ဒါကာမြို့ရှိ Shikha Anirban သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ဒါကာတပ်နယ်ရှိ Senkunja သို့ ရောက်ရှိကာ ဘင်္ဂလားဒေ့ရှ်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

အဆိုပါ ဂုဏ်ပြုအခမ်းအနားသို့ ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ စစ်ရေးချုပ် Major- General ABU BELAL MUHAMMAD SHAFIUL HAQ, ndc , psc နှင့် စစ်ထောက်ချုပ် Lieutenant- General IQBAL KARIM BHUIYAN, psc တို့ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် Senkunja ၌ အမှတ်တရသစ်ပင် စိုက်ပျိုးပေးခဲ့သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်မှ ၂ နာရီအထိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Md Abdul Mubeen, ndc, psc နှင့် ၎င်း၏ရုံးခန်း၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းနေလင်း၊ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံ စစ်သံမှူးတို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ်နှင့်အတူ ကြည်းတပ်ဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ကြည်းတပ်ဦးစီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား Principal Staff Officer Lieutenant General Abdul Wadud, ndc, psc က ဘင်္ဂလားဒေ့ရှ်တပ်မတော်သမိုင်းကြောင်းနှင့် လက်ရှိနိုင်ငံတကာနှင့် နိုင်ငံအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နှစ်နိုင်ငံ တပ်မတော်အကြီးအကဲများနှင့် အဆင့်မြင့်အရာရှိကြီးများသည် ကြည်းတပ်ဦးစီးချုပ်ရုံး အစည်းအဝေးခန်းမရှေ့၌ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)







**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ် တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူစဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က အမှာစကားပြောကြားပြီး သဘာပတိမြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်က ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသူများသည် အစည်းအဝေးခန်းမအတွင်း ပြသထားသည့် ပဲနမူနာများ၊ ကုန်ချောများနှင့် အသင်း၏ လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဘဏ္ဍာရေးမှူး ဦးသိန်းဝင်းက ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။ ထို့နောက် ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက ၂၀၁၁-၂၀၁၃ ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးထွန်းလွင်၊ အတွင်းရေးမှူး ဦးမင်းကိုဦးတို့ ပါဝင်သည့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ၇၆ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာခဲ့သည်။

(သတင်းစဉ်)



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်အား တရုတ်ချစ်ကြည်ရေးအဖွဲ့ လာရောက်တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်ဂျင်းပြည်နယ် နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ Ms. Zhang Lian Zhen ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးကိစ္စများ၊ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ တွေ့ဆုံပွဲအပြီးတွင် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ညစာစားပွဲဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## မိတ္ထီလာတွင် မြိတ်စားကြက်သွန်နီများ ဈေးကောင်းရ

**မိတ္ထီလာ နိုဝင်ဘာ ၂၆**

မိတ္ထီလာတွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၇၀၀ မှ ကျပ် ၈၀၀ ထိ ဈေးကောင်းနေသည့်အပြင် မြိတ်စားကြက်သွန်များလည်း တစ်ပိဿာ ကျပ် ၄၀၀ ထိ ကြက်သွန်ပွဲစားများက ကျေးရွာများထိ သွားရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

"မြိတ်စားကြက်သွန် ဈေးကောင်းပေးပြီး စိုက်ခင်းထိ လာရောက်ဝယ်ယူတဲ့ ပွဲစားတွေရှိတော့ ကြက်သွန်စိုက်တောင်သူတချို့က ကြက်သွန်ဥကြီးသည့်အထိ မထားတော့ဘဲ မြိတ်စားအရွယ်အဆင့်တွင် ကြက်သွန်များ နုတ်ယူရောင်းချကြတာရှိပါတယ်။ အစောပိုင်းက မြိတ်စားကြက်သွန် တစ်ပိဿာ ကျပ် ၃၅၀ ထိပေးတယ်။ အခု တစ်ပိဿာကို ကျပ် ၄၀၀ ထိပေးတယ်။ ကျပ် ၄၀၀ ထိလည်း ပေးတယ်၊ ရွာထိလည်းလာပြီး ဝယ်ယူတယ်ဆိုတော့ ကြက်သွန်စိုက်တောင်သူကလည်း ရောင်းချင်သူများတာပေါ့။ ဒါပေမယ့် ကြက်သွန်နီက ဒီနှစ် ဈေးကောင်းမယ့်သဘောရှိတော့ တော်တော်များများလည်း ကြက်သွန်ဥကောင်းကောင်းရတဲ့အထိ စောင့်ပြီးထားတာမျိုးလည်း ရှိပါတယ်။ ကျွန်တော်တို့ရွာက ချောင်းကောက်ဆည်အောက်မှာ ဆည်နဲ့နီးနီးနားနားရှိတော့ စိုက်ပျိုးရေလည်း လုံလုံလောက်လောက်ရတော့ စိုက်ပျိုးတဲ့ သီးနှံမှန်သမျှ ဖြစ်ထွန်းအောင်မြင်ပါတယ်။ ဒီနှစ် ကြက်သွန်ကို အားထားစိုက်ပျိုးတဲ့သူတွေ ကြက်သွန်ထွက်ချိန်မှာ ဈေးကောင်းရမယ်လို့တော့ မျှော်လင့်နေကြပါတယ်" ဟု မြာရေဝေကျေးရွာမှ ကြက်သွန်စိုက် တောင်သူတစ်ဦးက ဆိုသည်။

(၅၇၉)



**မိတ္ထီလာမြို့ မြာရေဝေကျေးရွာတွင် စိုက်ပျိုးထားသည့် ကြက်သွန်စိုက်ခင်း တစ်ခု။**

## မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။
(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

**မီးသတ်ဦးစီးဌာန**

## အနောက်ဘက်ကမ်းဒေသ၌ နေစွမ်းအင်စခန်းများဖွင့်မည်

ဂျေရုဆလင် နိုဝင်ဘာ ၂၆

အနောက်ဘက်ကမ်းဒေသရှိ အစ္စရေးနှင့် ပါလက်စတိုင်းလူမျိုး ဒေသခံများအသုံးပြုနိုင်ရန် မကြာမီတွင် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစခန်းများကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အစ္စရေးအမျိုးသား အခြေခံအဆောက်အအုံလုပ်ငန်းများဝန်ကြီးဌာနက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

အနောက်ဘက်ကမ်းဒေသ၌ နေစွမ်းအင်စခန်းများ ထူထောင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လုံခြုံရေးဆိုင်ရာ အနေအထားများကို ထည့်သွင်းစဉ်းစားကြရကြောင်း၊ ယင်းစီမံကိန်းကို အကောင်အထည်ဖော်ရန် အစိုးရက အတည်ပြုနိုင်ခြင်းမရှိမီ အစ္စရေးကြည်းတပ်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်နှင့်ချီကာ ညှိနှိုင်းဆွေးနွေးခဲ့ရကြောင်း အမျိုးသား အခြေခံအဆောက်အအုံလုပ်ငန်းများဝန်ကြီးဌာန၏ သတင်းပြန်ကြားရေး အကြံပေးအရာရှိ ချန်ဘန်လူလူက ပြောကြားသည်။

### တန်းတူရည်တူ လုပ်ကိုင်ခွင့်ရှိ

နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစခန်းများကို စီးပွားရေးလုပ်ငန်းများအဖြစ် ထူထောင်ဖွင့်လှစ်မည်ဖြစ်ပြီး အနောက်ဘက်ကမ်း၌ နေထိုင်သော အာရပ်များ၊ ရဟူဒီများနှင့် အစ္စရေးနိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရသော မှတ်ပုံတင်ကတ်များမရှိသော အာရပ်များ အပါအဝင် ဒေသခံများ အားလုံးအနေဖြင့် ယင်းစီးပွားရေးလုပ်ငန်းများ၌ တန်းတူရည်တူ ပါဝင်လုပ်ကိုင်ခွင့်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေးနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်နောက်ဆုံးထား၍ နေစွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များမှနေ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအရပ်ရပ်၏ ၁၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးရန် ရည်မှန်းထားသည်။ **ဆင်ဟွာ။**



*အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ရှိ နေအိမ်တိုက်ခေါင်မိုးပေါ်၌ နေရောင်ခြည်စွမ်းအင်သုံး ရေနွေးအိုးများကို တွေ့ရစဉ်။*

## ဆူဒန်ဒုက္ခသည် တစ်သိန်း ပြည့်တော့မည်ဟု ကုလသမဂ္ဂ ပြောကြား

ခါတွမ် နိုဝင်ဘာ ၂၆

ဆူဒန်နိုင်ငံ၌ မတည်မငြိမ်ဖြစ်နေသည့်အတွက် ထွက်ပြေးလာကြသူအရေအတွက်သည် ယခုနှစ်ကုန်ပိုင်းတွင် တစ်သိန်းသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂကျွမ်းကျင်သူတစ်ဦးက သောကြာနေ့တွင် ပြောကြားခဲ့သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအန် အိတ်ချ်စီအာ)၏ အဆိုအရ ဘလူးနိုင်းနှင့် တောင်ကော်ဒိုဖန်ဒေသများ၌ တိုက်ပွဲများဖြစ်ပွားနေခြင်းကြောင့် အီသီယိုးပီးယားနှင့် တောင်ဆူဒန်သို့ ခိုလှုံလာကြသူအရေအတွက်မှာ ဩဂုတ်လကတည်းက ၇၆၀၀၀ ခန့်ရှိနေခဲ့ပြီဖြစ်သည်။

ဆူဒန်နိုင်ငံ၏ ဘလူးနိုင်းပြည်နယ်မှ တောင်ဆူဒန်၏ အပ်ပါးနိုင်းအတွင်းသို့ ထွက်ပြေးလာခဲ့ကြသူ အရေအတွက်သည် ၁၆၀၀၀ ရှိမည်ဟု ခန့်မှန်းရသည်။

နောက်ထပ်လူဦးရေ ၂၀၀၀၀ သည် တောင်ကော်ဒိုဖန်မှ တောင်ဆူဒန်၏ ယူနီတီပြည်နယ်အတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်ဟု ဆိုသည်။

ဘလူးနိုင်းနှင့် တောင်ကော်ဒိုဖန်ပြည်နယ်များ၌ ဆူဒန်နိုင်ငံ၏ အာဏာရပါတီ အမျိုးသားကွန်ဂရက်ပါတီသည် ဆယ်စုနှစ်ပေါင်းများစွာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည့် တောင်ပိုင်းသူပုန်ဟောင်းများနှင့် လက်တွဲခဲ့ကြသည့် ပြည်သူ့စစ်များနှင့် တိုက်ခိုက်လျက်ရှိသည်။

နယ်စပ်ဒေသများတွင် အခြေချလျက်ရှိကြသော စစ်ပြေးဒုက္ခသည်များကို ယူအန်အိတ်ချ်စီအာက ကယ်ဆယ်ရေး ပစ္စည်းများ ဖြန့်ဝေလျက်ရှိသည်။ **အင်တာနက်။**



*အကျဉ်းထောင်၌ အစောင့်အဖြစ် အသုံးပြုမည့် စက်ရုပ်ကို တွေ့ရစဉ်။*

## တောင်ကိုရီးယားထောင်တစ်ခု၌ စက်ရုပ်အစောင့်များ အသုံးပြုမည်

ဆိုးလ် နိုဝင်ဘာ ၂၆

တောင်ကိုရီးယားနိုင်ငံရှိ အကျဉ်းထောင်တစ်လုံး၌ စက်ရုပ်များကို လုံခြုံရေးအစောင့်အကြပ်များအဖြစ် အသုံးပြုသွားရန် စီစဉ်လျက်ရှိကြောင်း သိပ္ပံပညာရှင်တစ်ဦးအား ကိုးကားလျက် ဝေါစထရိဂျာနယ်အမည်ရှိ သတင်းစာက နိုဝင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြသည်။

စက်ရုပ်နည်းပညာကို အားပေးမြှင့်တင်လျက်ရှိသော တောင်ကိုရီးယားနိုင်ငံ၌ စက်ရုပ်များကို လုံခြုံရေးအစောင့်များအဖြစ် အသုံးပြုနိုင်ရန် မိမိတို့တီထွင်ထုတ်လုပ်ထားပြီဖြစ်ကြောင်း ကွမ်ကျီးတက္ကသိုလ်မှ ပါမောက္ခ ဘိတ်ချူးလ်က ပြောကြားသည်။ ၎င်းသည် အကျဉ်းထောင်သုံး စက်ရုပ် ထုတ်လုပ်ရေးစီမံကိန်း ခေါင်းဆောင်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်၏ အရှေ့တောင်ဘက် ပိုဟန်မြို့ရှိ အကျဉ်းထောင်၌ ဝန်ထမ်းအစောင့်များနှင့် အတူ စက်ရုပ်များက လုံခြုံရေးစောင့်ကြပ်မှုတာဝန်ကို ပူးတွဲထမ်းဆောင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အကျဉ်းထောင်၌ အသုံးပြုမည့် စက်ရုပ်များကို တစ်လကြာမျှ စမ်းသပ်မှုပြုလုပ်မည်ဖြစ်ပြီး အကယ်၍ စမ်းသပ်ချက်အောင်မြင်ပါက လက်တွေ့အသုံးပြုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အစောင့်စက်ရုပ်များကို အထူးသဖြင့် ညဘက်၌ အသုံးပြု မည်ဖြစ်ကြောင်း၊ အကျဉ်းသားများ၏ မသင်္ကာဖွယ်ရာ အမူအရာများကို စုံစမ်းဖော်ထုတ်နိုင်ရန် အစောင့်စက်ရုပ်များက ကင်းလှည့် စောင့်ကြပ်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

## ဥရောပဘဏ်များ၌ အပ်နှံထားသော အရန်ရွှေ တန် ၂၀၀ ကျော် ဗင်နီဇွဲလား ပြန်လည်ထုတ်ယူနေ

ကာရာကတ်စ် နိုဝင်ဘာ ၂၆

**ဥရောပတိုက်ဘဏ်များ၌ အပ်နှံထားရှိခဲ့သော ဗင်နီဇွဲလားနိုင်ငံပိုင် အရန်ရွှေများကို သမ္မတ ဟူဂိုချာဗက်ဇ် အစိုးရအဖွဲ့က နိုဝင်ဘာ ၂၅ ရက်တွင် စတင်ထုတ်ယူနေပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။**

ပြင်သစ်နိုင်ငံ ပါရီမြို့တော်မှ လေကြောင်းခရီးစဉ်ဖြင့် ပို့ဆောင်လိုက်သော ပထမဆုံးအသုတ် အရန်ရွှေများကို အနည်းဆုံး သံချပ်ကာယာဉ်ငါးစီးပါယာဉ်တန်းဖြင့် ကာရာကတ်စ်မြို့တော်ဗဟိုဘဏ်သို့ ပို့ဆောင်ခဲ့ရာ ဗင်နီဇွဲလားလက်နက်ကိုင်တပ်ဖွဲ့ဝင်များက လိုက်ပါစောင့်ရှောက်ခဲ့ကြသည်။**(အောက်ပုံ)**

ဗင်နီဇွဲလားအစိုးရသည် အမေရိကန်နှင့် ဥရောပဘဏ်များတွင် အပ်နှံထားသော အရန်ရွှေ ၂၁၁ တန်ကျော်အား ပြန်လည်ထုတ်ယူမည်ဖြစ်ကြောင်း သမ္မတ ဟူဂိုချာဗက်ဇ်က ဩဂုတ်လအတွင်း ကြေညာခဲ့ပြီးဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတိုက်၌ ကြုံတွေ့နေရသော စီးပွားရေးပြဿနာများ၏ ရိုက်ခတ်မှုမှ ဗင်နီဇွဲလားနိုင်ငံအား ကာကွယ်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် အရန်ရွှေများကို ပြန်လည်ထုတ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း လက်ဝဲဝါဒီတစ်ဦးဖြစ်သူ သမ္မတ ဟူဂိုချာဗက်ဇ်က ပြောကြားခဲ့သည်။

ယခင်ဗင်နီဇွဲလားအစိုးရအဖွဲ့များသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)မှ ချေးငွေများရရှိရန် အာမခံအဖြစ် ၎င်းတို့၏ အရန်ရွှေများအား ပြည်ပဘဏ်များသို့ ၁၉၈၀ ခုနှစ်တွင် ပေးပို့အပ်နှံထားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ပြည်ပဘဏ်များမှ အရန်ရွှေများပြန်လည်ထုတ်ယူမည့် ဗင်နီဇွဲလားအစိုးရ၏ စီမံချက်သည် ဖြစ်ကတတ်ဆန်းနိုင်ပြီး ငွေကုန်ကြေးကျများသော စီမံချက်သာဖြစ်ကြောင်း ဟူဂိုချာဗက်ဇ်၏ အတိုက်အခံများက ဝေဖန်ခဲ့ကြသည်။ **အင်တာနက်။**





*Bulbophyllum nocturnum ဟု ရုက္ခဗေဒအမည်ရှိသော ညပွင့် သစ်ခွမျိုးစိတ်။*

## ညပိုင်းတွင် ပွင့်အာတတ်သည့် သစ်ခွမျိုးစိတ်သစ် ရှာဖွေတွေ့ရှိရ

ပို့မော်ရက်စဘီ နိုဝင်ဘာ ၂၆

ညပိုင်းအချိန်မှသာလျှင် အပွင့်ပွင့်တတ်သည့် ဓမ္မတာရှိသော သစ်ခွမျိုးစိတ်ကို ရုက္ခဗေဒပညာရှင်များက ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့ကြကြောင်း နိုဝင်ဘာ ၂၆ ရက်သတင်းများတွင် ဖော်ပြထားသည်။

Bulbophyllum nocturnum ဟူ၍ ရုက္ခဗေဒနာမည်ပေးထားသော အဆိုပါသစ်ခွမျိုးစိတ်သစ်သည် ညအမှောင်ကျရောက်ချိန်၌ ပန်းများပွင့်လာတတ်ပြီး မိုးလင်းပိုင်းတွင် ပြန်လည်ငုံသွားတတ်သည့် ညပွင့်သစ်ခွမျိုးစိတ်၏ ပထမဆုံးနမူနာဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့ရုက္ခဗေဒမျိုးစိတ်များထဲ၌ ညအချိန်ကျရောက်မှသာ ပန်းပွင့်တတ်သည့် အပင်မျိုးစိတ်အနည်းငယ်မျှသာရှိပြီး ယင်းတို့အနက် ကြောင်လျှာပန်း (Oroxylum indium)၊ ညမွှေးပန်း (Cestrum nocturnum) နှင့် Selenicereus grandiflorus အမည်ရှိ ကန္တာရဆူးပန်းပင်တစ်မျိုး စသည်တို့အပါအဝင်ဖြစ်သည်။

ကမ္ဘာပေါ်၌ မှတ်တမ်းတင်ပြီးဖြစ်သော သစ်ခွမျိုးစိတ်ပေါင်း ၂၅၀၀၀ မျှရှိရာ ယခုတွေ့ရှိရသော Bulbophyllum nocturnum သစ်ခွမျိုးစိတ် ပါဝင်ခြင်းမရှိသေးကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

Bulbophyllum nocturnum ညပွင့်သစ်ခွပင်၏ အပွင့်သည် တစ်ညတာမျှသာလျှင် ပွင့်တတ်ပြီး ညှိုးရော်သွားတတ်ကြောင်း သိရသည်။ အဆိုပါ ညပွင့်သစ်ခွမျိုးစိတ်ကို ပါပူဝါနယူးဂီနီနိုင်ငံ အရှေ့မြောက်ကမ်းရိုးတန်းကမ်းလွန် ရေပြင်ရှိ နယူးဗြိတိန်ကျွန်းပေါ်၌ ဒတ်ချ်လူမျိုး သစ်ခွကျွမ်းကျင်သူ အက်ဒ်ဒီဗိုဂျယ်လ်ဆိုသူက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

Bulbophyllum nocturnum ညပွင့်သစ်ခွပင်များသည် ယင်ကောင်နှင့်အလားသဏ္ဍာန်တူသော မှက်ကဲ့သို့ ညထွက်အင်းဆက်သတ္တဝါများ၏ အကူအညီဖြင့် ဝတ်မှုန်ကူးတတ်ပြီး အပွင့်မှာလည်း ထူးဆန်းသည့်အသွင်သဏ္ဍာန်ရှိသည်။

သစ်ခွပင်အများအပြားသည် ညပိုင်း၌ ဝတ်မှုန်ကူးလေ့ရှိသည့်တိုင် နေ့ပိုင်းတွင်အပွင့်များပွင့်တတ်သည်။ **အင်တာနက်။**

## နှစ်တစ်ရာကျော်သက်တမ်းရှိ ကုဋ္ဌနူနာဆိုင်ရာ အက်ဥပဒေ ဘင်္ဂလားဒေ့ရှ်အစိုးရပယ်ဖျက်

ဒါကာ နိုဝင်ဘာ ၂၆

အနာကြီးရောဂါဝေဒနာရှင်များကို ပတ်ဝန်းကျင်နှင့်ခွဲ၍ အစိုးရက စီမံခန့်ခွဲသည့် ဆေးကုဆောင်များ၌သာ ထားရှိရမည်ဟူသော နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ဥပဒေတစ်ရပ်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း စနေနေ့ သတင်းများတွင် ဖော်ပြထားသည်။

အနာကြီးရောဂါသည် ဝေဒနာရှင်နှင့် ထိတွေ့မိပါက ကူးစက်နှုန်းမြန်သော ရောဂါဆိုးအဖြစ် ဗြိတိသျှကိုလိုနီခေတ် အိန္ဒိယအာဏာပိုင်များက ယုံကြည်ခဲ့ကြခြင်းကြောင့် ၁၈၉၈ ခုနှစ်တွင် အနာကြီးရောဂါဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ကြသည်။

၁၈၉၈ ခုနှစ် အနာကြီးရောဂါဆိုင်ရာ ဥပဒေသည် လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီမှုမရှိကြောင်း ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

အဆိုပါ ဥပဒေကို ကျင့်သုံးစဉ်အတွင်း အနာကြီးရောဂါဝေဒနာရှင်များသည် ၎င်းတို့အား ကုသပေးနေသည့် ဆေးကုဆောင်အပြင်ဘက်သို့ ထွက်မိပါက ဒဏ်ရိုက်ခံရခြင်း၊ ဖမ်းဆီးထိန်းသိမ်းခံရခြင်းတို့နှင့် ရင်ဆိုင်ကြရကြောင်း သတင်းများတွင် ဖော်ပြသည်။ အစိုးရအဖွဲ့၏ ခန့်မှန်းချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အနာကြီးရောဂါခံစားနေကြရသူ ပြည်သူ ၄၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

ယင်းကုဋ္ဌနူနာဝေဒနာသည်များသည် ဘင်္ဂလားဒေ့ရှ်လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံခံရခြင်း၊ ဂုဏ်သိက္ခာပိုင်းအရ စော်ကားခံရခြင်းများ တွေ့ကြုံခဲ့ရပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခြင်းနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုစနစ်အား ခံစားနိုင်ခွင့်မရှိခြင်းစသော အခြေအနေများကိုလည်း ရင်ဆိုင်ခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ဆုံးဖြတ်ချက်ကို လူ့အခွင့်အရေးလှုပ်ရှားသူများက ထောက်ခံကြိုဆိုခဲ့ကြသည်။ အနာကြီးရောဂါဆိုင်ရာ ဥပဒေအား ဖျက်သိမ်းခဲ့ခြင်းကြောင့် ဝေဒနာရှင်များသည် ဆေးရုံ၊ ဆေးခန်းများသို့ လွတ်လပ်စွာသွားလာ၍ ဆေးဝါးစောင့်ရှောက်မှုရယူနိုင်မည်ဖြစ်ရာ အနာကြီးရောဂါကင်းဝေးသော ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်လာရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။ **အင်တာနက်။**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဒေးတို့ မန္တလေးတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုများ ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၂၆

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဒေးတို့သည် ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့ (၇၂)လမ်းနှင့် သိပ္ပံလမ်းကြားရှိ ဂရိတ်ဝေါကုမ္ပဏီ၏ Tissue Culture စိုက်ခင်း၌ သိပ္ပံနည်းကျ ပြုစုစောင့်ရှောက်ထားသော Tissue ကြံ၊ Tissue ငှက်ပျော၊ Tissue ယူကလစ်နှင့် ကျွန်းစိုက်ခင်းများအတွင်း ပြုစုစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုလေ့လာကြသည်။**(ယာပုံ)

ထို့နောက် စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးတင်မောင်နှင့်အတူ သုတေသနမျိုးပွားခန်း၊ ဓာတ်ခွဲခန်းနှင့် မျိုးပွားသိုလှောင်ခန်းတို့ကို လည်းကောင်း၊ ကြံ၊ ငှက်ပျော၊ ယူကလစ်ပျိုးပင်များကို လည်းကောင်း ကြည့်ရှုပြီး ဓာတ်ခွဲခန်းအဆင့်ဆင့်မှ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လုပ်ငန်းရှင်တစ်ဦးအနေဖြင့် ခေတ်မီ Tissue ပညာရပ်များ ဆောင်ရွက်နေမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရန် အားပေးပါကြောင်းဖြင့် ပြောကြားကြသည်။

ယင်းနောက် ပုသိမ်ကြီးမြို့နယ် နန္ဒာကျေးရွာအုပ်စု မြနန္ဒာစိုက်ခင်းရှိ ဆည်မြောင်းဦးစီးဌာနနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်သော မနောသုခ ၁၀ ဧက ပညာပေးစိုက်ခင်း၌ သက်တမ်း ၁၂၀ ရှိ မနောသုခစိုက်ခင်းကို ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဒေးက တောင်သူလယ်သမားများ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသိပညာပေးခြင်းကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်မည့်အစီအမံများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က တောင်သူများ စပါးဈေးကောင်းရရှိရန် အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်ပြီး ဆန်စပါးကဏ္ဍ မြှင့်တင်ဆောင်ရွက်မည့်အစီအမံများကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စပါးအထွက်ကောင်းပြီး ဈေးကောင်းရန် မျိုးကောင်း၊ မျိုးသန့်များ ပြောင်းလဲအသုံးပြုရေး၊ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း စပါးမျိုးများ ပြောင်းလဲသုံးစွဲခြင်းဖြင့် တောင်သူများ ဈေးကွက်တွက်ခြေကိုက်ကာ ဝင်ငွေပိုမိုရရှိလာနိုင်စေရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် စိုက်ပျိုးဆောင်ရွက်သွားရေး၊ ဒေသအလိုက် မျိုးစေ့ထုတ်စိုက်ခင်းများ ဆောင်ရွက်ပြီး တောင်သူလယ်သမားများအား ဖြန့်ဖြူးပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်း၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံ၊ တောင်သူများနှင့်အတူ စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် မတ္တရာမြို့နယ် လက္ကောင်းကြီးကျေးရွာ မိုးစပါးပညာပေးစိုက်ခင်း ၁၀ ဧကကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

## ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယမန်နေ့နံနက် ၁၀နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သရေစည်သူ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ်(၇၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၁၂)ခု မေးမြန်းဖြေကြားခြင်း၊ ရုပ်သိမ်းကြောင်း အဆို(၁)ခုကို လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်ခြင်းနှင့် နိုဝင်ဘာ ၂၂ ရက်က တင်သွင်းခဲ့သော အဆိုတစ်ခုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့်သို့ တင်ပြဆောင်ရွက်ရန် တိုက်တွန်းကြောင်း တိုင်းဒေသကြီးလွှတ်တော်က ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် မကွေး၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မြစ်ရေကြီးမှုကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်များ ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ခြင်းအတွက် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်မှ စာနာထောက်ထားကြောင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ရန်ဆုံးဖြတ်သည်။

အစည်းအဝေး ဆောင်ရွက်ချက်များ တင်ပြခြင်းကဏ္ဍတွင် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းက အစည်းအဝေးပထမနေ့မှ (၁၃)ရက်မြောက်နေ့အထိ ဆောင်ရွက်ခဲ့သော ဥပဒေကြမ်း(၄)ခု၊ အဆို(၁၈)ခု၊ မေးခွန်း (၂၅၆)ခုတို့နှင့် ပတ်သက်၍ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များကို တင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းရေးဆွဲရေး၊ ရသုံးမှန်းခြေဘဏ္ဍာငွေစာရင်း ရေးဆွဲရေး၊ အဆိုနှင့် မေးခွန်းများ မေးမြန်းဖြေကြားမှု၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေး၊ လုပ်ပိုင်ခွင့်တာဝန်နှင့် လစာစရိတ်ဆိုင်ရာ၊ အခွန်အရပ်ရပ် ကောက်ခံရေး၊ ပညာရေးကဏ္ဍမြှင့်တင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ ပြစ်တင်စွပ်စွဲခြင်းဆိုင်ရာ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပ်တည်မှုမှန်ကန်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ပြောကြားပြီး ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ညနေ ၃ နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၇-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၁၀ | ၇။ | ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ |
| ၈း၂၅ | ၈။ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | "ရင်နှစ်ပန်းတို့ လန်းစေချင်" |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁း၂၅ | ၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၂၇)** |
| ၁၂း၂၅ | ၅။ | **မြန်မာရုပ်ရှင် "မျှော်လင့်ခြင်းများစွာ" (ရန်အောင်၊ ရဲအောင်၊ ဇင်ဝိုင်း၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ ပြေတီဦး၊ ဖိုးကျော်၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ မေသဥ္ဇာဦး၊ နဝရတ်၊ စိုးမိုးကြည်) ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)** |
| ၂း၄၀ | ၆။ | "အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း မိုးပွင့်အဆင့်(၁)စီမံချက်အပေါ် သုံးသပ်ဆွေးနွေးခြင်း" |
| ၂း၅၅ | ၇။ | International News |
| ၃း၀၀ | ၈။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၅ | ၃။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၄း၃၅ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ) |
| ၄း၄၅ | ၅။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၅၅ | ၆။ | "ဖဲကြိုးနီလေး" |
| ၅း၂၀ | ၇။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၀၀ | ၈။ | ညနေခင်းသတင်း |
| ၆း၁၅ | ၉။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၀။ | **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၂၀)** |
| ၆း၄၀ | ၁၁။ | တစ်မျက်နှာ တစ်ကွက်စာ "ရွှေဖလားနဲ့ကြက်သားကိုင်" (ကောင်းဆက်ထူး၊ ဟန်လေး၊ မိုးထက်ဝင့်)[ဒါရိုက်တာ-မေတင်(MMG)] |
| ၇း၀၀ | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၃၆)(ဇာတ်သိမ်းပိုင်း)** |
| ၈း၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၆၉)** |
| | ၁၇။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသော ရုပ်သံလွှင့်မှူး"(အပိုင်း-၂၉)** |
| | ၁၈။ | အစီအစဉ်ပြီး၏။ |

## တရုတ်နိုင်ငံ အားကစားဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်သို့ သွားရောက်လေ့လာ၊ ရွှေမော်ဓောဘုရားဖူးမြော်

**ရန်ကုန် နိုဝင်ဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားအထွေထွေဗျူရိုဝန်ကြီး တရုတ်ပြည်အိုလံပစ်ကော်မတီဥက္ကဋ္ဌ မစ္စတာလျူဖိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ခုနစ်ဦးသည် ယမန်နေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။**(ဝဲပုံ)**



အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားအထွေထွေဗျူရိုဝန်ကြီး တရုတ်ပြည်အိုလံပစ်ကော်မတီဥက္ကဋ္ဌ လျူဖိန်နှင့် အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်သို့ သွားရောက်လေ့လာပြီး ရွှေမော်ဓောဘုရားအား ဖူးမြော်ကြည်ညိုသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်ကြည့်ရှုရာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)နှင့် ပတ်သက်၍ ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အထက(၁)ဗိုလ်တထောင် အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

အထက(၁)ဗိုလ်တထောင်မှ သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက် ရောက်ကြပါရန်နှင့် အလှူငွေများကို ကျောင်းအုပ်ကြီး ဖုန်း-၂၉၁၂၇၂၊ ကိုဇော်မင်းထွန်း ဖုန်း-၀၉-၅၀၃၆၄၀၈၁၊ ကိုဌေးဝင်းအောင် ဖုန်း-၂၀၁၆၈၈၊ စိုးပပလွင် ဖုန်း-၀၉-၅၁၂၈၅၈၄၊ မညိမ်း ဖုန်း-၇၀၃ ၅၅၄၊ ဒေါ်နွဲ့နွဲ့သောင်း ဖုန်း-၂၉၉၃၀၅၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၀၆၂၅၁၇၊ ဒေါ်နီလာအောင် ဖုန်း-၂၉၁၂၇၀၊ ဒေါ်နွယ်နွယ်အောင် ဖုန်း-၂၉၃၄၃၁ တို့သို့ လှူဒါန်းနိုင်ကြောင်းနှင့် ဒီဇင်ဘာတွင် အသက်(၆၀) ပြည့်သော ဆရာ၊ ဆရာမများ ဆက်သွယ်ပေးပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

**ဒိုက်ဦးမြို့နယ် အမှတ်(၈)ရပ်ကွက် ရွာတန်းရှည်နေ ဆရာကြီးဦးမောင်မောင်သန်း-ဒေါ်သန်းမြင့် မိသားစုက ဒိုက်ဦးမြို့ ကန်ဦးအထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းသို့ ကန်ဦးဖောင်ဒေးရှင်းပညာသင်ဆုအတွက် အလှူငွေကျပ် နှစ်သိန်းကို ဖောင်ဒေးရှင်းဘဏ္ဍာရေးမှူး ဒေါ်ရီရီသန်းထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



# တစ်စင်းသောမြစ်၊ တစ်ခုတည်းသောဒေသ

## ငွေအောင်(ခရီးသွား)

ယနေ့နံနက်အရုဏ်ကျင်းစချိန်တွင် ကားဖြင့်အိမ်မှ ထွက်ဖြစ်သည်။ ယခင်အခါများက ပုဂံ၊ မန္တလေးဘက်သို့ထွက်လျှင် နေပြည်တော်-တောင်ညို၊ တောင်တွင်းကြီးလမ်းကတစ်ဆင့် အမြန်လမ်းမပေါ်တက်လေ့ရှိ၏။ ဤလမ်းမကြီးက အချို့နေရာများတွင် ရွာတန်းရှည်ကို ကျော်ဖြတ်သွားရသဖြင့် အရှိန်လျှော့ရသော်လည်း ၂၅ မိုင်ခန့်မောင်းလိုက်လျှင် မိုင်တိုင် ၂၂၀ ကို ပေါက်သည်။ ရှေ့ကို မိုင် ၆၀ ကျော် မောင်းလိုက်လျှင် မိတ္ထီလာလမ်းခွဲသို့ ရောက်သည်။ ဖြတ်လမ်းဟု ပြောဆိုနိုင်၏။ သို့ရာတွင် ယခုတစ်ခေါက်တော့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ သွားမည်ဖြစ်သဖြင့် ဟိုတယ်ဇုန်မှတစ်ဆင့် လမ်းမကြီးအတိုင်း နေပြည်တော်-မန္တလေး အဝေးပြေးလမ်းမကြီးပေါ် တက်ရမှာဖြစ်သည်။ သူတို့နှင့် အဝေးပြေးယာဉ်များ လမ်းဖြတ်သန်းခပေးသည့် နေရာရှေ့တွင် ချိန်းထားသည်။

ကျွန်တော်တို့ကားသည် သပြေကုန်းအဝိုင်းတွင် ညာဘက်သို့ချိုးကာ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်၊ ရွှေ့ရင်ယမြန်မာဂေါက်ကွင်းတို့ကို ဖြတ်ကျော်ပြီး ဟိုတယ်ဇုန်အတွင်း ဝင်ရောက်လာသည်။ ဤလမ်းမကြီး၏ ဝဲ၊ ယာတွင် ဟိုတယ်များ သူ့ထက်ငါအပြိုင်ပေါ်လာကြသည်။ တချို့က မြေပြင်တွင် ပြားပြားဝပ်ဝပ်နှင့် ဘန်ဂလိုပုံ၊ တချို့က အထပ်မြင့်ပုံ အသွင်အပြင်၊ အနေအထားအမျိုးမျိုး ကွဲပြားကြသော်လည်း ကိုယ့်အလှနှင့်ကိုယ် ရှိကြသည်။ သူတို့အကြားတွင် ဂျန်းရှင်းနှင့် ကယ်ပီတယ်ဈေးရုံနှစ်ရုံဖွင့်ထားသည်။ အစက နေပြည်တော်လူထုနှင့် ဈေးရုံတစ်ရုံတိုးလျှင် အရောင်းအေးသွားမည် ထင်သော်လည်း လက်တွေ့တွင် နှစ်ရုံလုံး စည်ကားနေကြသည်။ ပတ်ဝန်းကျင်မြို့နယ်များသာမက ရပ်ဝေးမှအင်အားဖြည့်ပေးလျက်ရှိ၏။

နေပြည်တော်တွင်တည်ဆောက်ပြီး၊ တည်ဆောက်ဆဲဟိုတယ်များ ရှိသည်။ တောင်ပိုင်းဒက္ခိဏဘက်ခြမ်း၌ အရှိန်အဟုန်ဖြင့် တည်ဆောက်နေသည်များကို တွေ့နိုင်သည်။ မြောက်ပိုင်း ဥတ္တရသီရိဘက်ခြမ်း၌လည်း အလားတူဟိုတယ်များရှိသည်။ အချို့က ပထမအဆင့်ပြီးအောင်ဆောက်လိုက်သည်။ ဒုတိယအဆင့်ကို ဆက်လက်တိုးချဲ့မည်။ တချို့က ပထမအဆင့်ပင် မစနိုင်သေး၊ လိုအပ်ချက်အရ ယာယီတိုးချဲ့ဆောင်များအဖြစ် ဖန်တီးလိုက်ပြီးမှ မူလပင်မစီမံကိန်းကို ပြန်စသည်။ တချို့က ပထမအဆင့်ကိုစတင်လျက်ရှိ၏။လက်ရှိအချိန်တွင် တည်းခိုနိုင်သည့်ဟိုတယ် ၂၇ လုံး၊ အခန်းအား ဖြင့် ၂၀၀၀ နီးပါးခန့်ရှိနေပြီ။

ဧည့်သည်တည်းခိုနိုင်မှုကို ယေဘုယျတွက်ကြည့်လျှင် တစ်ရက်ကို ၃၀၀၀ ခန့် စီစဉ်ပေးနိုင်မည်။ တစ်နှစ်ဆိုလျှင် တစ်သန်းကျော် တည်းနိုင်မည်။ နေပြည်တော်သည် အပန်းဖြေဒေသ မဟုတ်သဖြင့် ဧည့်သည်နေထိုင်သည့်ရက်က ပျမ်းမျှ နှစ်ညအိပ်သာရှိသေးသည်။ထို့အတွက် အမှန်တကယ်နေနိုင်မည့် အရေအတွက်မှာ တစ်သန်း၏ တစ်ဝက်ခန့်သာဖြစ်မည်။ထို့အတွက် နိုင်ငံခြားသားနှင့် ပြည်တွင်းဧည့်သည် စုစုပေါင်း ငါးသိန်းခန့်ကို လက်ခံနိုင်ပြီဖြစ်သည်။ ဤအတွက် လုပ်ငန်းရှင်များ ဈေးကွက်သစ်ကို ရှာဖွေရမည်။ နေပြည်တော်တွင် ကွန်ဗင်းရှင်းစင်တာ ရှိပြီဖြစ်သဖြင့် အများတကာ ပြောနေကြသည့် (Meeting Incentive, Convention, Exhibition)MICE ဈေးကွက်ကို စဉ်းစားဖို့ လိုအပ်လာပြီ။

ဟိုတယ်များအကြောင်း စဉ်းစားနေစဉ် ကားက ဆုံရပ်သို့ ရောက်လာသည်။ ဖြတ်သန်းခပေးပြီး အမြန်လမ်းအတိုင်း ဆက်ထွက်လာခဲ့ကြသည်။ နေပြည်တော် မိုင်တိုင် ၂၀၀ ကတွက်လျှင် မိတ္ထီလာ-ကျောက်ပန်းတောင်း လမ်းခွဲသည် ၈၄ မိုင်ခန့်သာရှိ၏။ ပုံမှန်မောင်းလျှင် တစ်နာရီခွဲထက် မပိုချေ။ ဤလမ်းဝဲ၊ ယာတစ်လျှောက်တွင် တောင်ယာစိုက်ခင်းများ၊ သရက်ခြံများကို တွေ့ရသည်။ နေပြည်တော်-ရန်ကုန်ဘက်အခြမ်းတွင်မူ ကျွန်းနှင့် ရော်ဘာခြံများ ရှိသည်။

နေပြည်တော်-မန္တလေးအကြား မိတ္ထီလာလမ်းခွဲတွင် ရန်ကုန်ဘက်အခြမ်းရှိ ၁၁၅ မိုင်ကဲ့သို့ တစ်ထောက်နားစခန်းဖွင့်ထားသည်။ Feel နှင့်အတူ အခြားဆိုင်များလည်းရှိရာ ခေတ္တရပ်နားနိုင်သည်။

မိတ္ထီလာ-ကျောက်ပန်းတောင်းသည် ၆၅ မိုင်ခန့် ရှိသော်လည်းယခင်က လမ်းဆိုးသည့်အတွက် အချိန်ကုန်သည်။ ချိုင့်ခွက်ထူပြောသဖြင့် သက်သောင့်သက်သာ မရှိ။ ပင်ပန်းနွမ်းနယ်၏။ ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် မြတ်နိုးသူကုမ္ပဏီက ပြန်လည်ပြုပြင်ထားသဖြင့် သွားလာရေးအဆင်ပြေသွားသည်။ မိနစ်၄၀ခန့်မောင်းလျှင် ခရီးတစ်ဝက်ရှိ လက်ပန်ဖျားကို ရောက်သည်။ ဤရွာလေးသည် ကျွန်တော်တို့ ငယ်စဉ်ကတည်းက ကြက်ကြော်ဖြင့် နာမည်ကြီးသည်။ မြန်မာကြက်ကို ရိုးရိုးကြော်သော်လည်း စားလို့အလွန်ကောင်းသည်။ အသည်းအမြစ်ပါ တွဲလိုက်လျှင် ထိုင်ရာမှမထချင်တော့။

ခရီးစထွက်ကတည်းက လက်ပန်ဖျားမှာ နံနက်စာစားရန် စီစဉ်ထားသဖြင့် ထုံးစံအတိုင်း သရဖူမှာ ကျွန်တော်တို့နားဖြစ်သည်။ ထမင်းဆီဆမ်းနှင့် ကြက်ကြော်မှာ အတော်ခံတွင်းတွေ့သည်။ အခြားဟင်းများကိုပင် သိပ်သတိမပြုနိုင်အောင် ရှိသည်။ ဤအတိုင်းဆိုလျှင် နေ့လယ်စာကို နေမွန်းတိမ်းမှစားဖြစ်မှာ သေချာသည်။

ကျွန်တော်တို့ နာရီဝက်ခန့် စားသောက်ကြပြီး ဆက်ထွက်လာခဲ့ကြသည်။ ကျောက်ပန်းတောင်းသို့ နောက်ထပ် ၄၅ မိနစ်ခန့်သာ မောင်းရသည်။ လမ်းကျယ်ပြီး ချောချောမွေ့မွေ့မောင်းရသဖြင့် ခရီးတွင်သည်။ ကားတစ်ခုခုဖြစ်မှာကို မစိုးရိမ်ရသည့်အပြင် လူလည်းသက်သာသည်။ ကျောက်ပန်းတောင်းမြို့တွင်းသို့ ဖြတ်သန်းစဉ်တွင်သာ မြင်းလှည်း၊ ဆိုင်ကယ်နှင့် ကုန်ကားများရှုပ်ထွေးသဖြင့် သတိထားမောင်းနှင်ရသည်။ ကျောက်ပန်းတောင်းကထွက်တော့ လမ်းကရှင်းသွားပြန်သည်။ သို့ရာတွင် ယခင်ကပင်ဤလမ်းက ကျဉ်းသည်။ ကားနှစ်စီးရှောင်ရာတွင် လမ်းဘေးချပေးမှ လွတ်ကင်းသည်။ ယခုအခါ လမ်းဘေးဝဲယာကို ချဲ့ရန်ပြင်ဆင်နေပြီး မူလလမ်းဟောင်းကိုလည်း ပြန်လည်ပြုပြင်ရန် စီစဉ်လျက်ရှိသည်။ အခက်အခဲမရှိလျှင် လာမည့် ပွင့်လင်းရာသီလောက်တွင် အစစချောမွေ့သွားနိုင်သည်။ ကျောက်ပန်းတောင်းနှင့်ပုဂံသည် ၃၅ မိုင်ခန့်သာရှိသဖြင့် လက်ရှိအခြေအနေတွင် တစ်နာရီခန့်သာမောင်းရသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုဇုန် လမ်းဆုံရောက်တော့ နံနက် ၁၀ နာရီခွဲပြီ၊ အိမ်ကထွက်သည်မှ ယခုအထိ လေးနာရီခွဲသာ ကြာသည်။ လမ်းမှာမနားလျှင် သုံးနာရီခွဲလေးနာရီခန့်အတွင်း ရောက်လာနိုင်သည်။ ကျွန်တော်တို့အဖွဲ့သည် မူလအစီအစဉ်အတိုင်း ညောင်ဦးလေဆိပ်ဘက်သို့ ဦးလှည့်လိုက်သည်။ လေဆိပ်ဧည့်ခန်းမတွင် ကျွန်တော်တို့၏ သတင်းနှင့်ပြန်ကြားရေးကောင်တာရှိ၏။ ဤနေရာတွင် ပုဂံနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအပြင် အခြားခရီးစဉ်ဒေသများနှင့် စပ်လျဉ်းသည့် အကြောင်းအချက်များကိုပါ ဖြေဆိုပေးနိုင်သည်။ ယင်းကောင်တာနှင့်တွဲလျက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ကူညီမှုဖြင့် မိုဘိုင်းလ်ဖုန်းအငှားကောင်တာကို ဖွင့်လှစ်ပေးထား၏။ ပြည်တွင်း ပြည်ပဧည့်သည်များအတွက် အလွယ်တကူ ဆက်သွယ်ပြောဆိုနိုင်ပြီ ဖြစ်သည်။

ထို့အပြင် ပုဂံ၊ ညောင်ဦးတွင် အင်တာနက်ဆက်သွယ်မှုကောင်းမွန်ရန် ကြိုးပမ်းစီစဉ်လျက်ရှိသည်။ မကြာမီ ဆက်သွယ်မှုလုပ်ငန်းများ တိုးတက်ပြည့်စုံ ကောင်းမွန်လာဖို့ရှိ၏။ ပြန်ကြားရေးကောင်တာတွင် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် နိုင်ငံခြားသားဧည့်သည်များအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန် လိပ်စာကတ်ပြားလေးများကို ဘာသာမျိုးစုံဖြင့် တင်ပေးထားသည်။ လိုအပ်ချက်များရှိလျှင်၊ ပစ္စည်းပစ္စယ ပျောက်ဆုံးခဲ့လျှင် ဆက်သွယ်ပြောကြားနိုင်သည့် တယ်လီဖုန်းနံပါတ်ပါ ထည့်သွင်းပေးထားသည်။ ပုဂံပတ်ဝန်းကျင်နေရာများသို့ သွားရောက်လိုပါက အလွယ်တကူသွားနိုင်အောင် ယင်းကောင်တာက စီစဉ်ပေးမှာဖြစ်သည်။ လေဆိပ်သို့ရောက်ရှိသည့်အခါ ဧည့်သည်များ အဆင်ပြေစွာ ငွေလဲလှယ်နိုင်ရန် ကောင်တာတစ်ခုလည်း သီးခြားဖွင့်လှစ် ပေးထားသည်။

ယခုအခါ ပုဂံ၊ ညောင်ဦးသို့ ဧည့်သည်ဝင်ရောက်မှု သိသိသာသာ တိုးတက်လာသည်။ ပြည်တွင်းလေကြောင်းလိုင်းများမှ နေ့စဉ်ပျမ်းမျှ လေယာဉ် ၁၀ စင်းခန့် ဆင်းသက်လျက်ရှိပြီး ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှု တစ်ရက်ပျမ်းမျှ ၅၀၀ ကျော်ခန့်ရှိသည်။ အများဆုံးဝင်ရောက်ခဲ့သည့် ၂၀၀၆-၂၀၀၇ နှစ်ထက်ပင် ပိုမိုများပြားလျက်ရှိကြောင်း တွေ့ရှိရသည်။ တစ်ခါတစ်ရံ စင်းလုံးငှားလေယာဉ်များဖြင့် လာရောက်လည်ပတ်သည့် အဖွဲ့များလည်းရှိကြ၏။ ထို့အပြင် မော်တော်ကား၊ သင်္ဘော စသည်တို့ဖြင့် ဝင်ရောက်မှုများလည်း ရှိသည်။

ညောင်ဦးလေဆိပ်ရှိ ဝန်ထမ်းများကို ဝန်ဆောင်မှုကောင်းမွန်ရန် မှာကြားခဲ့ပြီး လေဆိပ်အထွက်လမ်းတစ်လျှောက် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများ၏ ခရီးသွားလုပ်ငန်းအစည်း အဝေးအတွက် ကြိုတင်ပြင်ဆင်ထားသည့် နှုတ်ခွန်းဆက်ဆိုင်းဘုတ်များ၊ ကြိုဆိုရေးမုခ်ဦးများ၊ ဤပွဲကို ဖော်ညွှန်းသည့် စာတန်းပါအလံငယ်များ၊ အဖွဲ့ဝင်နိုင်ငံများ၏အလံများ၊ ဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့နှင့် ပုဂံဟိုတယ်ဇုန်တို့၏ အလံများ၊ ခရီးစဉ်ဒေသနှင့် ပြည်တွင်းပြည်ပဟိုတယ်များကို ပြသထားသည့် ကြော်ငြာဘုတ်များ ပြင်ဆင်တပ်ဆင်ထားမှုကို ကြည့်ရှုရင်း လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများ၏ ခရီးသွားလုပ်ငန်းအစည်းအဝေး၊ခရီးသွား လုပ်ငန်းစနစ်တကျနှင့် အစဉ်ထာဝရရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အထောက်အကူပြုအဖွဲ့ အစည်းများနှင့်ပညာရှင်များအားလုံးပါဝင်သည့် ညှိနှိုင်းဆွေးနွေးပွဲ၊ ဒေသခွဲအတွင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ တိုးတက်မှုညှိနှိုင်းအစည်းအဝေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ဒေသတွင်းနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့မှ ပြသသည့် ပြခန်းနှင့် ဓာတ်ပုံပြိုင်ပွဲမှ ဆုရဓာတ်ပုံပြခန်းများအားလုံး တပေါင်းတစည်းတည်း ဆင်ယင်ကျင်းပပြုလုပ်မည့် ပုဂံနန်းမြင့်မျှော်စင်သို့ သွားရောက်ခဲ့သည်။

ခရီးသွားပြခန်းများ အားလုံးကို မျှော်စင်၏ ပထမထပ်တွင် ပတ်လည်ခင်းကျင်းပြသထားသည်။ ဤနေရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ ပြခန်းများအပြင် ဒေသတွင်းအဖွဲ့အစည်းများဖြစ်သည့် ပစိဖိတ်အာရှ ခရီးသွားလုပ်ငန်းအဖွဲ့အစည်း၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးအဖွဲ့ စသည်တို့၏ ပြခန်းများ၊ ခရီးစဉ်ဒေသများနှင့် ဟိုတယ်ဇုန်အလိုက် ပြခန်းများ ခင်းကျင်းထားသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူနှင့် ဝန်ထမ်းများအားလုံး အချိန်မီပြီးစီးရေး တက်ကြွစွာကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသဖြင့် နှုတ်ဆက်ရင်း အားပေးခဲ့သည်။

ထိုမှတစ်ဆင့် အစည်းအဝေး၊ ညှိနှိုင်းဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဧည့်ခံပွဲကျင်းပမည့် ဒုတိယထပ်နှင့် အခြားအထပ်များကို ဆက်လက်ကြည့်ရှုပြီး အမှားအယွင်းမရှိအောင် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများလုပ်ရန် မှာကြားခဲ့သည်။ ယင်းနောက် ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည့် ပုဂံရွှေနန်းတော်ဟိုတယ် အစည်းအဝေးခန်းမကို သွားရောက်ကြည့်ရှုခဲ့သည်။

ဤပွဲကာလတွင် နိုင်ငံခြားသားဧည့်သည်များသည် ရွှေနန်းတော်ဟိုတယ်တွင် စုစုစည်းစည်း တည်းခိုကြမှာဖြစ်၍ ဧည့်ဝတ်ကျေပွန်ရေး၊ ဝန်ဆောင်မှုအဆင့် မြင့်မားရေး စနစ်ကျနပြီး စည်းကမ်းရှိရေးတို့ကို တာဝန်ရှိသူများနှင့် ဝန်ထမ်းများကို ပြောကြားခဲ့သည်။

ထိုမှဆက်၍ ပုဂံ၊ ညောင်ဦး မြို့တွင်းကိုဖြတ်ပြီး ဗူးဘုရားဘက်သို့ ထွက်ခဲ့သည်။ မိမိတို့အစီအစဉ်၌ ပုဂံတွင်ရောက်ရှိနေသော နိုင်ငံခြားသားဧည့်သည်များ ပုဂံ၏ ညအလှကိုခံစားရင်း အပန်းဖြေခြင်း၊ ဈေးဝယ်ခြင်း၊ စားသောက်ခြင်း၊ အကပဒေသာ ကြည့်ရှုခြင်း၊ ဒေသခံများနှင့် ခင်မင်ရင်းနှီးစေခြင်း စသည်တို့ကို တစ်နေရာတည်းတွင် ဆောင်ရွက်ပေးနိုင်ရန် ဗူးဘုရားဝန်းကျင်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဤနေရာတွင် ဧည့်သည်တို့ ယင်းအစီအစဉ်များ ဆောင်ရွက်နိုင်ရန် စနစ်ကျနသည့် အစီအမံများလိုအပ်သည်။ ထို့အတွက်စားသောက်ဆိုင်ခန်း၊ အမှတ်တရပစ္စည်းအရောင်းပြခန်းနှင့် အခြားဝန်ဆောင်မှုအခန်းများကို ဆောင်ရွက်နိုင်ရန် အခန်းများ တည်ဆောက်ရသည်။ အဖွဲ့ဝင်နိုင်ငံများအားလုံးက ယဉ်ကျေးမှုပဒေသာအကများဖြင့် ကပြဖျော်ဖြေနိုင်ရန် ကဇာတ်ရုံတစ်ရုံ ဖန်တီးရသည်။ ပြည်တွင်းပြည်ပ ဧည့်သည်များအတွက် အဆင့်မီသန့်စင်ခန်းပြုလုပ် ပေးရသည်။ ထို့အပြင် ညဈေးအတွင်း ဖုန်၊သဲ ကင်းရှင်းရန်နှင့် စိတ်ချမ်းမြေ့စွာလှည့်လည်ကြည့်ရှုနိုင်ရန် လမ်းထိပ်မှ ဗူးဘုရားအထိ လမ်းတစ်လျှောက်ကို စံညွှန်းနှင့်အညီ လမ်းခင်းပေးရသည်။

ကျွန်တော်တို့ ဗူးဘုရားရောက်သည့်အခါ အေစီအီးကုမ္ပဏီမှ ပရောဂျက်ဒါရိုက်တာ ဦးဇော်ဇော်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းပြသည်။ ၎င်း၏ လုပ်ဆောင်မှုက သက်သေပြလျက်ရှိသဖြင့် အထူးတလည် မှာကြားရန်မရှိခဲ့ပါ။ ဤနေရာအတွက်လိုအပ်သည့်ရေ၊ မီးကိစ္စများလည်း စီစဉ်ထားပြီး ဖြစ်သည်။ ထို့အပြင် ရွှေစာရံ၊ သဗ္ဗညုဘုရားများအနီးတွင် ကုမ္ပဏီမှတည်ဆောက်ပေးထားသည့် အဆင့်မီသန့်စင်ခန်းများ သွားရောက်ကြည့်ရှုဖြစ်ခဲ့သည်။ နောင်တွင်လည်း လက်ရှိအဆင့်အတိုင်း သန့်ရှင်းသပ်ရပ်စေရန် တာဝန်ရှိပုဂ္ဂိုလ်များက ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။

ထိုမှတစ်ဆင့် ပြည်တွင်းပြည်ပ ဧည့်သည်များ၊ ယဉ်ကျေးမှုပဒေသာ အကအဖွဲ့များတည်းခိုကြမည့် ဟိုတယ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဧရာဟိုတယ် အစည်းအဝေးခန်းမတွင် ပြင်ဆင်မှုလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အစည်းအဝေးကာလအတွင်း အဆင်ပြေချောမွေ့စွာ စီစဉ်ဆောင်ရွက်နိုင်ရေး၊ အစည်းအဝေးပြီးသည့်အခါ ဧည့်သည်များ ၎င်းတို့နေရပ်သို့ အခက်အခဲမရှိ ပြန်လည်ထွက်ခွာနိုင်ရေးတို့အတွက် တာဝန်ရှိပုဂ္ဂိုလ်များအားလုံးနှင့် ညှိနှိုင်းဆွေးနွေးခဲ့လေသည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းကို ၁၉၉၂ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါတွင် သက်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများနှင့် ဝန်ကြီးအဆင့် အစည်းအဝေးများသာမက ထိပ်သီးအဆင့်အစည်းအဝေးများကိုစဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိ၏။ ဤအဖွဲ့အစည်းသည် ဒေသအတွင်းရှိ အာဆီယံအဖွဲ့အစည်းလောက် ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်နိုင်သေးသော်လည်း နိုင်ငံတကာအသင်းအဖွဲ့များ၊ အထောက်အကူပြုနိုင်ငံများ၏ ကူညီပံ့ပိုးမှုဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်များတွင် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အဖွဲ့ဝင်နိုင်ငံများအား တစ်ခုတည်းသော ခရီးစဉ်ဒေသဖြစ်ရေးအတွက် မြှင့်တင်ကြော်ငြာလျက်ရှိသည့်အပြင် ခရီးသွားလုပ်ငန်းမဟာဗျူဟာကို နှစ်ရှည်စီမံကိန်းများရေးဆွဲအကောင် အထည်ဖော်နေသည်။

ယခုကျင်းပမည့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးသည် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်ပြုလုပ်သော အစည်းအဝေးတစ်ရပ်ဖြစ်သည်။ ဤအစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံများအကြား တစ်လှည့်စီ ပြုလုပ်ကြရာ အက္ခရာစဉ်အရ ယခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၀၂ ခုနှစ်က ဤအစည်းအဝေးကို မြန်မာနိုင်ငံတွင် ကျင်းပခဲ့၏။ ထိုစဉ်က ယင်းအစည်းအဝေးနှင့်အတူ ပူးတွဲကျင်းပသည့် ဒေသတွင်း ဖွံ့ဖြိုးရေး စီမံကိန်းများအတွက် ဦးဆောင်ကော်မတီအစည်းအဝေးကို မကျင်းပဖြစ်ခဲ့ချေ။ အကြောင်းမှာ ယင်းစီမံကိန်းကို အဓိကအထောက်အကူပြုသည့်အဖွဲ့အစည်းတစ်ခုက နိုင်ငံရေးအရ မြန်မာနိုင်ငံတွင်ကျင်းပခြင်းကို သဘောမတူခြင်းကြောင့် ဖြစ်သည်။ ယခုနှစ်တွင်တော့ သူတို့၏သဘောထား လုံးဝပြောင်းလဲသွားပြီး သူတို့ကပင် အစီအစဉ်များကို စိတ်ဝင်တစား ဖြစ်နေကြသည်။

ဤမဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးကို ပုဂံတွင် ကျင်းပရသည့် ရည်ရွယ်ချက်များအနက် အဓိကအချက်မှာ ပုဂံ၏ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသာမက ပြည်ပအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါမျက်ဝါးထင်ထင် တွေ့စေချင်သည်။ ဤသို့သော နယ်မြေတွင်နိုင်ငံခြားသားဧည့်သည်များ အဆင်ပြေလွယ်ကူစွာလာရောက်လေ့လာနိုင်ကြောင်းနှင့် ၎င်းတို့၏ နေထိုင်၊ စားသောက်ရေး၊ သွားလာရေးနှင့် လှည့်လည်ပြသရေး အစီအစဉ်များ၊ ပြကွင်း ပြကွက်များ စုံလင်ကြောင်း အသိပေးလိုသည်။ ထို့ အပြင်မြန်မာနိုင်ငံသည် ဤသို့သော ရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကိုယ့်စွမ်းကိုယ့်အင်ဖြင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို မြင်စေချင်သည်။

ဤနေရာတွင်ခရီးသွားလုပ်ငန်း၏ ဘေးထွက်ဆိုးကျိုးများကို နိုင်ငံတကာမှ အလေးထား ဆွေးနွေးပြောဆိုမှုများရှိနေရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်မှ အဆင့်ဆင့်သောဝန်ထမ်းများ၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ အခါခွင့်ကြုံတုန်း ဗဟုသုတနှင့် အသိပညာများ တိုးပွားစေရန် ဆွေးနွေးညှိနှိုင်းပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများကို နိုင်ငံတကာအတွေ့အကြုံရှိ နိုင်ငံခြားလုပ်ငန်းရှင်များ၊ အဖွဲ့အစည်း အကြီးအကဲများနှင့် ပညာရှင်များပါဝင်၍ စီစဉ်ကျင်းပပေးခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အတွင်း ပုဂံ၌ကျင်းပမည့် (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း ကျင်းပမည့် အခြားအစည်းအဝေးများ၊ ခရီးသွားလုပ်ငန်း စနစ်တကျနှင့် ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ မြန်မာနိုင်ငံ၏ သာယာလှပမှုများကို လျှပ်တစ်ပြက်ခံစားရယူနိုင်မည့် ဓာတ်ပုံပြိုင်ပွဲဆုရ ဓာတ်ပုံများပြခန်း၊ မြန်မာနိုင်ငံခရီးစဉ်ဒေသများကို အချိန်တိုအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည့်သတင်းအချက်အလက်များ ရယူနိုင်မည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့၏ ပြခန်းတို့နှင့်အတူ ပုဂံဈေးပွဲတော်အကြောင်း သိရှိနိုင်ရန် တင်ပြလိုက်ရပေသည်။ ။

## ၁၉၈၁ ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ၁၉၈၁ ခုနှစ် ဥပဒေဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် နှစ်(၃၀)ပြည့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း (ဖိုးစိန်လမ်းထိပ်ရှိ) Bangkok Kitchen Compound တွင် ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းအားလုံး မပျက်မကွက်ပါဝင်ဆင်နွှဲကြပါရန် (ဖိတ်စာပေးပို့မည့် အစီအစဉ်မရှိပါ)နှင့် အလှူငွေများ ထည့်ဝင်လိုပါက ဦးကိုကြီး ဖုန်း-၀၉-၅၁၀၅၄၂၅၊ ဦးအောင်ကျော် ဖုန်း-၀၉-၅၁၂၄၅၇၀၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၀၀၈၀၃၀၊ ဒေါ်ခင်ချိုအုန်း ဖုန်း-၀၉-၅၁၇၂၉၂၉၊ ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၈၃၀၀၆၇၇ နှင့် ဒေါ်လွင်လွင်သန်း ဖုန်း-၀၉-၄၉၂၆၅၂၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**နိုဝင်ဘာ ၁၅ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပသော မှုခင်းကျဆင်းရေးအသိပညာပေး ဆွေးနွေးပွဲတွင် ပန်းဘဲတန်းမြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်အေးမြင့်နိုင် ဟောပြောဆွေးနွေးစဉ်။**

(ကြေးမုံ)

# ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့၌ ပဥ္စမမြောက်နေ့ ဆက်လက်အပူဇော်ခံ

ရန်ကုန် နိုဝင်ဘာ ၂၆

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်အတွင်း အပူဇော်ခံလျက်ရှိရာ ပဥ္စမမြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း နံနက်ပိုင်းမှ ညပိုင်းအထိ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ အထူးစည်ကားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။**

ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ ကြည်နူးချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ပရိုဂျက်တာများ၊ TV များဖြင့် လိုဏ်ဂူတော်အတွင်း/အပြင်တို့၌ ကုသိုလ်ယူ ပူဇော်ပြသထားသည်။

ယနေ့တွင် သူရဦးအေးမြင့်-ဒေါ်အေးအေး မိသားစု၊ ကွယ်လွန်သူ ဗိုလ်ချုပ်ဘသိန်းအားရည်စူး၍ ကျန်ရစ်သူမိသားစု၊ မရမ်းကုန်း ကမ္ဘာအေးဗီလာအိမ်ရာနေ ဦးဇော်ဝင်းမြင့်-ဒေါ်ရင်ရင်ဇော်၊ သမီး မဝင်းလဲ့ခိုင် မိသားစုနှင့် ဦးတေဇစောဦး - ဒေါ်နှင်းရည်မွန် မိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ သန်လျင်မြို့နေ ဦးမင်းထက်-ဒေါ်အိကေသွယ်၊ သမီး မမြတ်သီရိထက် မိသားစုက ငွေကျပ်လေးသိန်းကိုးသောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)-ဒေါက်တာတင်လင်းမြင့် မိသားစုက ငွေကျပ်တစ်သိန်း လေးသောင်း တစ်ထောင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဖြူးမြို့ ကညွတ်ကွင်းနေ ဦးဖိုးဖေ-ဒေါ်ဌေးရီ မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်း အပါအဝင် ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင် ၁၂၂ ဦးတို့က လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။



**ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ၌ အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုကြစဉ်။** (သတင်းစဉ်)

ရွှေငွေ ကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ပါရမီကန်သာယာ ရိပ်သာနေ ဒေါက်တာ ဦးမြတ်ကျော်လတ် မိသားစုက ငွေကျပ် ၁၀၆၀၀၀၀ တန်ဖိုးရှိ အစိမ်းရောင် ကျောက်ပြကွက်တစ်ပွင့်၊ ကျောက်ဖြူတာ ၃၀ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ လက်ပံတန်း စိန်ရွှေရတနာဆိုင်မှ ဦးအုန်းကြည်- ဒေါ်သိန်းမြက ငွေကျပ် ၇၅၀၀၀၀ တန်ဖိုးရှိ မြတစ်ပွင့်၊ စိန် ၁၂ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ ရန်ကင်းမြို့နေ ဦးအောင်ထူး-ဒေါ်ခင်လှစိန် မိသားစုက ငွေကျပ် ၄၇၂၀၀၀ တန်ဖိုးရှိ နီလာ ၁၉ ပွင့်စီပါ ရွှေနားကပ်တစ်ရန်နှင့် နီလာ ၃၇ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ ပင်လောင်းမြို့နေ ဒေါ်ငွေမြိုင် မိသားစုက ငွေကျပ် ၃၀၅၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ် အပါအဝင် အလှူရှင် ၂၆၁ ဦးတို့ လာရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၂၅ ရက် ညနေမှ ယနေ့ညနေ ၆ နာရီအထိ လှူဒါန်းမှုစုစုပေါင်းမှာ ငွေ ၆၉၂၆၀၆၇၆ ကျပ်၊ ရွှေငွေ ကျောက်မျက်ရတနာ တန်ဖိုးငွေကျပ် ၂၆၂၀၆၅၀၀၊ အမေရိကန်ဒေါ်လာ ၃၂၄၀၊ ယူရို ၁၀၊ စင်ကာပူဒေါ်လာ ၂၁၅၊ FEC ၁၉၇ ယူနစ်၊ စတာလင်ပေါင် ၂၀၊ ဗီယက်နမ်ဒေါင် ၁၅၉၀၀၀၊ ကိုရီးယားဝမ် ၈၀၀၀၊ ထိုင်းဘတ် ၅၆၀၊ အင်ဒိုနီးရှား ရူပီးယား ၁၈၇၀၀နှင့် ယူဂန္ဒာငွေ ၅၀၀၀တို့ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ကြေးသွန်းဘုရားကြီး နှစ် ၁၀၀ ပြည့် အခမ်းအနား ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း၌ ၁၂၇၃ ခုနှစ်မှစတင် တည်ထားကိုးကွယ်ခဲ့သော ဆုတောင်းပြည့် မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ နှစ် ၁၀၀ ပြည့် အခမ်းအနားနှင့် (၉၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၄ ရက်မှ ၈ ရက်အထိ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဒီဇင်ဘာ ၁၀ ရက် (နတ်တော် လပြည့်နေ့) နံနက် ၄ နာရီတွင် ရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကာ ညနေ ၃ နာရီတွင် ဘုရားအမျှုးပြုသော သံဃာတော် ၁၂၉ ပါးအား ငွေပဒေသာပင်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်သည်။

ဓမ္မပူဇာသဘင်ကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ညစဉ် ၇ နာရီမှစ၍ တရားပွဲများ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း-၅၄၁၆၈၁ နှင့် ၀၉-၇၃၂၀၂၀၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# မြန်မာ့လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ဒေသတွင်းနိုင်ငံများ စိတ်ဝင်စား

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာ့လယ်ယာကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား စသည့် အာဆီယံဒေသတွင်း နိုင်ငံများက စိတ်ဝင်စားလျက်ရှိကြောင်း သတင်းရရှိသည်။

အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံကလည်း မြန်မာ့လယ်ယာကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန်အတွက် ကမ်းလှမ်းမှုများ ပြုလုပ်ထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံက မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆန်၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ သစ်သီးဝလံ စသည်တို့ကို စိုက်ပျိုးမှုမှ စက်ရုံများအထိ တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းသို့ဆောင်ရွက်လုပ်ကိုင်သွားနိုင်ရန်အတွက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် မြန်မာ- ဗီယက်နမ် သစ်သီးဝလံ ရွှေ့ပြေးစိုက်ခင်းကို စမ်းသပ်ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနှင့် အခြားနိုင်ငံများကအပါအဝင် မြန်မာ့လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းမှုများ ရှိနေသည်။ ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာလိုအပ်မှု၊ ချမ်းသာပြီး ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများတွင် စားနပ်ရိက္ခာအတွက် ပြည်ပမှတင်သွင်းမှုကို မှီခိုအားထားနေရမှု၊ နောင်ဖြစ်ပေါ်လာမည့် စားနပ်ရိက္ခာလိုအပ်ချက်၊ စားနပ်ရိက္ခာဖူလုံရေးတို့အတွက် လယ်ယာစိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်နေသည့် နိုင်ငံများ၊ စိုက်ပျိုးမြေအများအပြား လုပ်ကိုင်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် နိုင်ငံများတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုကြခြင်းဖြစ်သည်။

(ဆုနှင်းလဲ့)



# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (ညောင်လေးပင်ဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ပဲခူးခရိုင် ညောင်လေးပင်မြို့၌ ဖွင့်လှစ်သော အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် (ညောင်လေးပင်ဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဘဏ်သည် ညောင်လေးပင်မြို့နယ်တွင် ပထမဦးဆုံးဖွင့်လှစ်သော ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်ကြောင်း သိရသည်။

ဘဏ်ဖွင့်ပွဲ မကျင်းပမီ နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ဆုတောင်းပြည့်မဟာစေတီတော်မြတ်ကြီးအနီးရှိ ရာမညနိကာယသုခကာရီမွန်ပရိယတ္တိကျောင်းတိုက်မုခ်ဦးနှင့် ဝိသိဋ္ဌရာမညပရိယတ္တိမဟာဝိမာနမွေ့ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် တာဝန်ရှိသူတို့က အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ညောင်လေးပင်ဘဏ်ခွဲ) အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

# ဝိုင်းမော်မြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာအုပ်စု ကွင်းအမှတ် (၄၁/က) ဦးပိုင်အမှတ်(၉၆/၁) တောင်သူ ဦးဆန်ပေါင်း၏ လယ်မြေတစ်ဧကတွင် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် စိုက်ပျိုးထားသည့် ရွှေဝါထွန်းမိုးစပါးရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင်ကျင်းပရာ တစ်ဧကပျမ်းမျှ (အခြောက်) တင်း ၈၆ ဒသမ ၉၆ တင်း ထွက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# သမဝါယမလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**ပျဉ်းမနား နိုဝင်ဘာ ၂၆**

နိုင်ငံ၏ အမျိုးသားလူမှုရေး၊ စီးပွားရေးတည်ဆောက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ညီညွတ်မျှတသည့် လူမှုစီးပွားတည်ဆောက်ရေး၊ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို အထောက်အကူဖြစ်စေရန် ဦးတည်၍ သမဝါယမလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်းခွင်ရက်တို သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပရာ ခရိုင်သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်သောင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်မြင့်၊ အသင်းစုဒါရိုက်တာ ဦးခင်မောင်မြင့်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ အခြေခံအသင်းများ မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်သောင်းနှင့် ဦးစီးအရာရှိ ဦးခင်မောင်မြင့်တို့က အမှာစကားပြောကြားကြပြီး သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြကြောင်း သိရသည်။

(၅၈၆)

# ဖျာပုံ (၆) ရပ်ကွက်၌ သက်ကြီးပူဇော်

**ဖျာပုံ နိုဝင်ဘာ ၂၆**

ဖျာပုံမြို့နယ် အမှတ်(၆)ရပ်ကွက်တွင် (၄၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပရာ အသက်(၇၅)နှစ်နှင့်အထက် အဘိုး၊ အဘွား ၄၅ ဦးတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိ၊ ရပ်ဖများနှင့် အလှူရှင်များက ငွေသားနှင့် ဆေးဝါးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၈၂၃၀၀၀ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

(ကြေးမုံ)





**တောင်ဥက္ကလာပ မြို့နယ်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် အထူးလိုအပ်လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်၏ သန္ဓေသားနှလုံးခုန်နှုန်း စမ်းသပ်သော ငွေကျပ် ၁၃ သိန်းတန်ဖိုးရှိ Fetal Montor စက်ပစ္စည်းကို နိုဝင်ဘာ ၁၇ ရက်က မင်္ဂလာမေ အမျိုးသမီးအသင်း အသင်းသူများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်အေး လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (ကြေးမုံ)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်ခန်းစာဟောပြောပို့ချ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး မြင့်ကြည်နှင့်အဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် ည ၇ နာရီတွင် မှော်ဘီမြို့နယ်ခန်းမ၌ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ် ထိန်းသိမ်းရေးကော်မတီ ဌာနခွဲ(၂)ရှိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၅၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဒါသင့်နိုင်ငံ မီးဘေးရန် အမှန်ကင်းပါစေ**

❖ ကျောဖုံးမှ

ကူညီပံ့ပိုးဆောင်ရွက်ပေးရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဖောင်ဒေးရှင်း၏ အခြေခံမူဝါဒမှာ အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို အခြေခံဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ ရန်ပုံငွေကို ပြည်သူလူထုအား အခြေခံသော ရန်ပုံငွေရှာဖွေနည်းကို ကျင့်သုံးရှာဖွေပြီး အဆိုပါရန်ပုံငွေအား ကျေးလက်ပြည်သူများ အမှန်တကယ်စာဖတ်သည့် အလေ့အကျင့်ရလာအောင် စည်းရုံးဆောင်ရွက်သည့်လုပ်ငန်းများတွင် အဓိက အသုံးပြုခြင်းနှင့် ထူထောင်ပြီး စာကြည့်တိုက်များ စံ(၅)ရပ်နှင့် ကိုက်ညီရေး မြှင့်တင်ဆောင်ရွက်သည့် လုပ်ငန်းများတွင်အသုံးပြုခြင်းတို့ကို စနစ်တကျ ပံ့ပိုးသုံးစွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် အစဉ်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်နေသည့် ဖောင်ဒေးရှင်းဖြစ်ရေး၊ ပြည်သူလူထုကို အခြေခံသောနည်းဖြင့် ရန်ပုံငွေရှာဖွေရေး၊ ဖောင်ဒေးရှင်း(ဗဟို)၏လုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ ထိရောက်အောင်မြင်ပြီးနောက် ဖောင်ဒေးရှင်းလုပ်ငန်းများကို ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဆောင်ရွက်ရေး၊ ကျေးလက်စာကြည့်တိုက်များကို ရှင်သန်ခိုင်မာအောင်၊ ကျေးလက်ပြည်သူများ အမှန်တကယ်စာဖတ်သည့် အလေ့အကျင့်ရလာအောင်၊ မိမိကျေးရွာစာကြည့်တိုက်ကို ဒုတိယဘုန်းတော်ကြီးကျောင်းအဖြစ် သဘောပေါက်နားလည်လက်ခံလာအောင် အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးပြီးနောက်တွင် ကျေးလက်ပြည်သူများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးကူညီပေးရေး၊ ၎င်းနောက် ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပံ့ပိုးကူညီရေးစသည့် အနာဂတ်မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်နေသည့် လုပ်ငန်းများကို အမျိုးသားရေး တာဝန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏လုပ်ငန်းများ ပိုမိုအောင်မြင်စေရေးအတွက် စာပေပညာရှင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ ပြည်သူများအားလုံးက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်းဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားတွင် ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ စေတနာရှင်၊ အလှူရှင်များနှင့် စာပေကိုမြတ်နိုးတန်ဖိုးထားသည့် ပြည်သူများ တက်ရောက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းထံ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်က ငွေကျပ်သိန်း ၃၀၊ ဦးထင်ကျော်လင်း-ဒေါ်ငြိမ်းငြိမ်းတင့်ဆန်းက ငွေကျပ် ၂၅ သိန်း၊ ဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ)မိသားစုက ဓနုဖြူကျုံတနိကျေးရွာစာကြည့်တိုက်ဆောက်ရန် ငွေကျပ် ၂၅ သိန်း၊ Eleven Media Group က ငွေကျပ် ၁၀ သိန်း၊ မေတ္တာသင်္ဂဟ ရုပ်ရှင်နှင့်ဂီတအနုပညာမိသားစုနှင့် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီခန့်စည်သူက ငွေကျပ် ခုနစ်သိန်းနှင့် စာအုပ်စာစောင် ၁၁၁၈၀၊ ဦးမောင်မျိုး-ဒေါ်လီလီလှ (ကြောင်နှစ်ကောင်စာပေ)က စာအုပ်မျိုးစုံ ၅၅၀၀၀၊ ဒေါက်တာသန့်သော်ကောင်းက အင်္ဂလိပ်ဘာသာစာအုပ် ၁၅၄၇၈ အုပ်၊ ကောင်းသန့်စာပေက မဂ္ဂဇင်းနှင့် သုတစာအုပ် ၄၆၁၀၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က သုတ၊ ရသစာအုပ် ၈၈၁၉ အုပ်၊ မြန်ရွှေပြည် ကုမ္ပဏီလီမိတက်က အင်္ဂလိပ်နှင့် တရုတ်ဘာသာ စာအုပ် ၇၇၉၂ အုပ်၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး စွယ်စုံမီဒီယာဂရု(ပ်)က မဂ္ဂဇင်းဂျာနယ်မျိုးစုံ ၁၇၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ငွေကျပ်တစ်သိန်း၊ ဒေါ်စိန်စိန်က ငွေကျပ်တစ်သိန်းနှင့် စာအုပ်စာစောင် ၁၂၀၊ ဒေါ်ခင်မေစိမ်း၊ ဦးတိုးမြင့်-ဒေါ်မြင့်မြင့်သန်း၊ ဆရာနိုင်ပန်းလှ မိသားစု၊ တက္ကသိုလ်ထင်ကြီး မိသားစု၊ ဒေါ်စန္ဒာအောင်၊ ဦးစိုင်းဘုန်းထူး မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးကျော်ထွေး-ဒေါ်ကေခိုင်ဦး (ဉာဏ်လင်း စာပေ)က သုတစာအုပ် ၆၇၉၇ အုပ်၊ ဦးဟိန်းလတ်က မဂ္ဂဇင်း ၁၄၅၈ အုပ်၊ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က မဂ္ဂဇင်းနှင့် ဂျာနယ် ၈၅၀၊ Hot News ဂျာနယ်က ဂျာနယ်စောင်ရေ ၁၀၀၀၊ ဦးစိုးသိန်း-ဒေါ်သန်းနုရွှေက ငွေကျပ်ငါးသောင်းနှင့် စာအုပ်စာစောင် ၂၅၀၊ ဒေါ်တင်တင်ဝင်းက ငွေကျပ်ငါးသောင်း၊ ဦးသန်းဟိန်း-ဒေါ်ခင်သိန်းက ငွေကျပ်သုံးသောင်းနှင့် စာအုပ်စာစောင် ၃၀၀၊ ဒေါ်ယုယုနိုင်က ငွေကျပ်သုံးသောင်း၊ ပန်းတိုင်စာပေက မဂ္ဂဇင်းနှင့် သုတစာအုပ် ၃၄၅၀ အပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် စာအုပ်၊ စာစောင်များကို လှူဒါန်းကြရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသား စောချစ်)နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ စာကြည့်တိုက် ၄၀ အတွက် စာကြည့်တိုက် တစ်တိုက်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၄၀၀၊ စာကြည့်တိုက် တစ်တိုက်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စာကြည့်တိုက် ၁၆၀ အတွက် ငွေကျပ်သိန်း ၁၆၀ တန်ဖိုးရှိ စာအုပ်စာစောင်များနှင့် ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ စာအုပ်အုပ်ရေ တစ်သောင်း၊ စုစုပေါင်းလှူဒါန်းထောက်ပံ့ငွေကျပ်သိန်း ၄၀၀ နှင့် ငွေကျပ် သိန်း ၂၄၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို လည်းကောင်း၊ ငွေကျပ် ၄၁ သိန်း တန်ဖိုးရှိ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရိုက်ကူးထုတ်လွှင့်သော ဗီဒီယိုဇာတ်လမ်းခွေ ၅၀၀၀ တို့ကိုလည်းကောင်း မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က ကျေးရွာ စာကြည့်တိုက်များကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်မှထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခန်းမအပြင်ဘက်၌ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ကွင်းဆင်းလေ့လာရေး မှတ်တမ်းဓာတ်ပုံများနှင့် အလှူရှင်များက လှူဒါန်းထားသည့် မဂ္ဂဇင်း၊ ဂျာနယ်၊ သုတ၊ ရသ၊ စာအုပ်မျိုးစုံတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ အခမ်းအနားတွင် အလှူရှင် ၁၆၅ ဦးက အလှူငွေ စုစုပေါင်း ငွေကျပ် ၁၃၇၃၂၀၀၀၊ အမေရိကန်ဒေါ်လာ ၁၄၇၇၅၀ တန်ဖိုးရှိ အင်္ဂလိပ်ဘာသာနှင့် တရုတ်ဘာသာတို့ဖြင့် ရေးသားထားသည့် စာအုပ်မျိုးစုံ ၇၇၉၂ အုပ်၊ ငွေကျပ် ၁၃၃၉ သိန်းကျော်တန်ဖိုးရှိ သုတ၊ ရသစာအုပ်မျိုးစုံ ၂၂၁၉၃၉ အုပ်တို့ကို လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)



မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းထံ ရုပ်ရှင်၊ ဗီဒီယို သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူက အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

## ပျော်ဘွယ်မြို့နယ် ကြို့ကုန်းကျေးရွာအနီးမှ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုဆိုင်ရာ ထူးခြားသောအထောက်အထားများ တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူများနှင့် ပြင်သစ်နိုင်ငံ National Center for Scientific Research (CNRS) မှ Dr. Jean. Pierr PAUTREAU ဦးဆောင်သော မြန်မာ-ပြင်သစ် ပူးပေါင်းသုတေသနအဖွဲ့သည် ပျော်ဘွယ်မြို့နယ် ကြို့ကုန်းကျေးရွာအနီး ဦးအောင်မြိုင်၏ ယာကွက်အတွင်း အလျား ၁၅ မီတာ၊ အနံ ၅ မီတာအကျယ်ဧရိယာအတွင်း တူးဖော်သုတေသနလုပ်ငန်း ဆောင်ရွက်ခဲ့ရာတွင် မြှုပ်နှံမှုစုစုပေါင်း ၄၆ ခုတွေ့ရှိရပြီး ၎င်းတို့အနက် ပြည့်စုံလု နီးပါးခြောက်ခုအပါအဝင် အရှေ့အရပ်ကို ဦးခေါင်းပြုမြှုပ်နှံထားသည့် လူရုပ်ကြွင်း စုစုပေါင်း ၃၅ ခု ပါဝင်ကြောင်း၊ ရုပ်ကြွင်းခုနစ်ခုမှာ အိုးအတွင်း မြှုပ်နှံထားပြီး သစ်သားအခေါင်းနှင့် မြှုပ်နှံသောရုပ်ကြွင်းမှာ သုံးခုဖြစ်ကြောင်း၊ ၎င်းရုပ်ကြွင်းများအနက် တစ်ခုမှာ ဘယ်ဘက်လက်ဖျံတွင် ကြေးကွင်းတစ်ခု စွပ်ထားပြီး လည်ပင်းတွင်လည်း စွယ်သွားများဖြင့် ပြုလုပ်ထားသော လည်ဆွဲတစ်ခု ဆွဲလျက်တွေ့ရှိရခြင်း၊ သစ်သားအခေါင်းများဖြင့် မြှုပ်နှံထားသော ရုပ်ကြွင်းသုံးခု တွေ့ရှိရခြင်းတို့မှာ ယခုတူးဖော်မှုလုပ်ငန်း၏ ထူးခြားသော တွေ့ရှိချက်များဖြစ်ကြောင်း သိရှိရသည်။



ကြို့ကုန်းကျေးရွာအနီးမှ တူးဖော်တွေ့ရှိရသော လူရုပ်ကြွင်းများ။

၁၉၉၈ ခုနှစ်မှ ယနေ့ထိ ၁၀ နှစ်ကျော်ကာလအတွင်း ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုအထောက်အထားနေရာ ၁၉ နေရာကို တူးဖော် သုတေသနပြုခဲ့ပြီး ဖြစ်သော်လည်း ယခုကဲ့သို့ အရိုးစုရုပ်ကြွင်းတွင် လည်ဆွဲတန်ဆာ ဆွဲထားခြင်းနှင့် သစ်သားအခေါင်းများဖြင့် မြှုပ်နှံထားခြင်း တွေ့ရှိရမှုမှာ ပထမဦးဆုံး တူးဖော်တွေ့ရှိမှုဖြစ်ကြောင်းသိရှိရသည်။

ရုပ်ကြွင်းများနှင့်အတူ မြေအိုး ၇၃ ခုအပါအဝင် စွယ်သွား၊ ယောက်သွားခွံ၊ ပုတီးစေ့မျိုးစုံ၊ ကျောက်တုံးငယ်များ၊ ကြေးစီးထုပ်၊ ကြေးလက်ကောက်၊ လည်ဆွဲတန်ဆာ၊ အရိုးနှင့် ပြုလုပ်ထားသော ပုလင်းသဏ္ဌာန် ပစ္စည်းငယ်၊ သံလက်နက်၊ ရစ်လုံးငယ် စသည့် ပစ္စည်းမျိုးစုံ စုစုပေါင်း ၁၁၄ ခုကို တူးဖော်တွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပျော်ဘွယ်မြို့နယ် ကြို့ကုန်းကျေးရွာအနီး တူးဖော်ကြစဉ်။

## အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်း စာအုပ်များနှင့် ဖယောင်းတိုင်များ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် သစ္စာအကျိုးတော်ဆောင်လုပ်ငန်းတို့ ပူးပေါင်း၍ ပုဂံဘုရားနှင့် အညာဒေသလေ့လာရေးခရီးစဉ်အတွက် ပုဂံဘုရားများ ဆီမီးပူဇော်ရေးနှင့် စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၇ ရက်က မြို့နယ်စာပေနှင့် စာနယ်ဇင်းရုံးခန်းမ၌ ကျင်းပရာ အဖွဲ့အတွင်းရေးမှူးဟောင်း ဦးမောင်မောင်ဇင်(မောင်မောင်ဇင်)က ငွေကျပ်ငါးသောင်းတန်ဖိုးရှိ မဂ္ဂဇင်း ဂျာနယ်၊ စာစောင်အုပ်ရေ ၁၀၀ စီနှင့် ဖယောင်းတိုင်ထုပ် ၁၃ ထုပ်ကို ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)၊ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည်နှင့် အဖွဲ့ဝင်များက လက်ခံကြပြီး **(အောက်ပုံ)** အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် သစ္စာအကျိုးတော်ဆောင်လုပ်ငန်း ဖုန်း-၀၁-၆၄၇၁၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)



## ကျေးလက်လမ်း ကိုယ့်အားကိုယ်ကိုးပြုပြင်

**ရေတာရှည် နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ အရှေ့ဘက်ရှိ ကျေးရွာပေါင်း ၂၀ ကျော်ဖြင့် ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်းအား ရာသီမရွေး သွားလာနိုင်ရန် ကိုယ့်အားကိုယ်ကိုး ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**စတင်ပြုပြင်**

ဆွာချောင်း အရှေ့ဘက်ခြမ်းရှိ ကျေးရွာပေါင်း ၂၀ ကျော်တွင် နေထိုင်ကြသည့်ဒေသခံများသည် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသဖြင့် နေ့စဉ်အဓိကအားထားလျက် အသုံးပြုနေသော လမ်းဖြစ်သည်။ အဆိုပါ လမ်းပိုင်းကောင်းမွန်ရေးအတွက် ဆွာမြို့မှ မြို့မိမြို့ဖအလှူရှင်များ၊ ဒေသတွင်းရှိ ကျေးရွာများမှ စေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေဖြင့် ပျက်စီးနေသည့်လမ်းပိုင်းများအား နိုဝင်ဘာ ၂၅ ရက်မှ စတင်ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။ **(ဝဲပုံ)** (၅၇၈)

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက်

## အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းနိုင်

**ရန်ကုန်    နိုဝင်ဘာ    ၂၆**

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် အသက်(၈၀)နှင့်အထက် သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲကို ယမန်နှစ်များအတိုင်း ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့်ပစ္စည်းများ(ပထမအကြိမ်) လှူဒါန်းပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပမည် ဖြစ်သည်။

သို့ဖြစ်၍ အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) အမှတ်(၅၂၉/၅၃၁) စာပေဗိမာန် (ဒုတိယထပ်) ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၁- ၃၈၅၂၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "စိတ်၏ထွက်ပေါက်များ" တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ) |
| ၆း၁၀ | သက်ဝင်လှုပ်ရှားရသ ရုပ်လုံးရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၃၈)** |
| ၇း၁၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃၃)** |
| ၈း၅၀ | ရွှေဥရာစုသစ် 21st Century's Latest Jewellery |
| ၉း၀၅ | Lumine Perfect Health ကုသိုလ်ဖြစ်ကျန်းမာရေး ဝန်ဆောင်မှု |
| ၉း၂၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ချောကလက်ဘေဘီ" |
| ၉း၄၅ | Sunday Talk (ချစ်ဝင်းမောင်၊ မျိုးမြတ်သူ) |
| ၁၀း၁၅ | လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၁) (ပါမောက္ခဒေါက်တာချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ) |
| ၁၀း၄၅ | ဗီဒီယိုပြခန်း |
| ၁၁း၁၅ | ပြည့်စုံသော ဘဝဆီသို့ SWEETY HOME နှင့်ထပ်တူ |
| ၁၁း၃၀ | Activities In The City |
| ၁၁း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁၂)** |
| ၁၂း၃၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁း၀၀ | ကြည်ညိုဖူးမြော်မြတ်စွယ်တော် |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | စကားနပန်း |
| ၃း၂၀ | Road to Alex Birthday Show |
| ၃း၃၅ | Activities In The City |
| ၃း၄၅ | ကမ္ဘာ့ဖက်ရှင်ကြယ်ပွင့်လေးများဆီသို့ |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃၃)** |
| ၄း၅၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၅း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁၃)** |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၅ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၆း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၃၉)** |
| ၇း၄၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | သွားမယ်စားမယ် |
| ၈း၄၅ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ ပုံရိပ်ထင်ထင်အမိတက္ကသိုလ် ရင်ခွင်တေးများ အတွဲ(၃) |
| ၉း၁၅ | ပရီမီယာလိဂ်ရင်ခုန်သံ |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၃၄)** |
| ၁၀း၂၅ | Barclays Premier League (Liverpool Vs Man City) |
| ၁၂း၃၀ | FMF Selection |
| ၁၂း၅၅ | ဝင့်ကြွားအားမာန်"ကတိုက်"တမံ |
| ၁း၀၀ | ဟိုတယ်လမ်းညွှန် |
| ၁း၃၀ | လှပခေတ်မီ K-1 အကယ်ဒမီ |
| ၁း၄၅ | မြန်မာနိုင်ငံရေကြောင်းပညာရေး တက္ကသိုလ်အကြောင်း သိကောင်းစရာ |
| ၂း၃၅ | အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချ သုံးစွဲကြ. . . (အင်းလေး) |
| ၃း၀၀ | ရင်သွေးငယ်များကြည့်ရှုစရာ Cartoon Animation ပုံပြင်စာအုပ်မှာ |
| ၃း၂၅ | လှပချစ်စရာလက်မှုအနုပညာ |
| ၃း၅၅ | မြို့အလှဂုဏ်ကြွယ်. . . ရိုးရာစားဖွယ် |
| ၄း၀၅ | အလှဆင်စရာပရိဘောဂကမ္ဘာ |
| ၄း၁၅ | အနုပညာနှင့်နည်းပညာပေါင်းစပ် ဖန်တီးထားတဲ့ကမ္ဘာလေး |
| ၄း၄၅ | သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ |
| ၅း၀၀ | အစီအစဉ်ပြီး။ |

## Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | | ပြသမည့်လိုင်း |
|---|---|---|---|
| ၇း၅၅ | Swansea City - | Aston Villa | ESPN(Live) |
| ၁၀း၂၅ | Liverpool - | Man City | ESPN(MRTV-4)(Live) |

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

# (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရန် ပြင်ဆင်ထားရှိမှုများ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော်    နိုဝင်ဘာ    ၂၆

**ကမ္ဘောဒီးယား၊ တရုတ်(ယူနန်နှင့် ကွမ်စီပြည်နယ်များ)၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်စသည့် မဟာမဲခေါင်ဒေသခွဲ(၆)နိုင်ငံအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင် ခရီးသွားလုပ်ငန်းကိုလည်း ဦးစားပေးအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်၍ အဆိုပါ မဟာမဲခေါင်ဒေသခွဲအား တစ်ခုတည်းသော ခရီးစဉ်အဖြစ် ပေါ်ထွက်လာရေးကို ဦးတည်လျက် သက်ဆိုင်ရာနိုင်ငံအလိုက် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းရပ်များတွင် ညွှန်ကြားရေးမှူးချုပ်အဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများ ဦးဆောင်တက်ရောက်ဆွေးနွေးကြသည့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများတွင် တစ်နှစ်လျှင် နှစ်ကြိမ် အလှည့်ကျ ကျင်းပလျက်ရှိသည်။**

မြန်မာနိုင်ငံအနေဖြင့် အဆိုပါ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ယခုနှစ်တွင် လက်ခံကျင်းပရန် အလှည့်ကျရောက်ခဲ့ရာ မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသတစ်ခုဖြစ်သော ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသအား ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံခြားသားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လာရောက်နိုင်စေရန် ရည်ရွယ်၍ (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းပြပွဲ၊ ရောင်စဉ်ထွန်းပမြန်မာ့အလှ ဓာတ်ပုံပြပွဲနှင့် ပုဂံညဈေးပွဲတော်များကို ပုဂံမြို့၌ နိုဝင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ပူးပေါင်းကျင်းပမည်ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိပြီး (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများသို့ တက်ရောက်ကြမည့် ဧည့်သည်တော်များအား ဧည့်ခံကြိုဆိုရန် စီစဉ်ဆောင်ရွက်ထားမှုများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း IDD Telephone Services မှ နိုင်ငံခြားသားဧည့်သည်များအတွက် တယ်လီဖုန်းဌာနရမ်း၍ ပြောဆိုဆက်သွယ်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေများနှင့် မြန်မာ့ခရီးသွားလုပ်ငန်းဌာန၏ Information Counter တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုဂံညဈေးပွဲတော်ကျင်းပမည့် ဖူးဘုရား၌ ပွဲတော်ရက်အတွင်း ဖွင့်လှစ်ရောင်းချမည့် ဆိုင်ခန်းများ ခင်းကျင်းထားရှိမှု၊ နိုင်ငံခြားသားဧည့်သည်များ အသုံးပြုနိုင်ရန်အတွက် ရည်ရွယ်၍ နိုင်ငံတကာ အဆင့်မီပုံစံ ထပ်မံဆောက်လုပ်ထားသည့် Rest Room နှင့် မဟာမဲခေါင်ယဉ်ကျေးမှုအဖွဲ့များ ကပြဖျော်ဖြေမည့် ဇာတ်စင်တို့ကို လည်းကောင်း၊ Aureum Palace Hotel နန်းမြင့်မျှော်စင်၌ (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး အခမ်းအနားတွင် ဟိုတယ်ဇုန်နယ်မြေအလိုက် ခင်းကျင်းပြသမည့် ခရီးသွားလုပ်ငန်းမြှင့်တင်ကြော်ငြာခြင်းဆိုင်ရာ ပြခန်းနေရာများနှင့် နန်းမြင့်မျှော်စင် ၁၁ ထပ်တွင် ခင်းကျင်းပြသထားသည့် ရောင်စဉ်ထွန်းပမြန်မာ့အလှဓာတ်ပုံပြပွဲပြခန်းကိုလည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည့် Travel Leaders' Symposium on Sustainable Tourism အစည်းအဝေးခန်းမနေရာနှင့် နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် Joint Steering Committee Meeting on Sustainable Tourism Development Project အစည်းအဝေးခန်းမနေရာတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုဂံနန်းမြင့်အဆောက်အအုံ ဒုတိယထပ်ရှိ Conference Room ၌ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအလိုက် တာဝန်ခံများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်ထဲရေး၊ ယဉ်ကျေးမှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး စသောဌာနများမှ တာဝန်ရှိသူများ၊ ပုဂံဟိုတယ်ဇုန်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အစည်းအဝေးများ ကျင်းပစဉ်ကာလအတွင်း ဧည့်သည်ကိုယ်စားလှယ်များ အဆင်ပြေစွာ တည်းခိုနေထိုင်သွားလာနိုင်ရေး၊ ပို့ဆောင်ရေးယာဉ်များ စနစ်တကျဖြစ်စေရေး၊ ဧည့်လမ်းညွှန်များနှင့် ဆက်ဆံရေးအရာရှိများ စနစ်တကျဖြစ်စေရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများ စနစ်တကျဖြစ်စေရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပုဂံဟိုတယ်၌ ကျင်းပသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပုဂံဟိုတယ်ဇုန်မှ ဦးဆောင်မှုဖြင့် စီစဉ်ဖွင့်လှစ်ခဲ့သော **"ကမ္ဘာလှည့်ခရီးသည်များ လုံခြုံရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေး"**ဆိုင်ရာ သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် နိုင်ငံခြားသားဝင်ရောက်မှု လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံခြားသားများအား ကူညီစောင့်ရှောက်ပေးရေး၊ မလိုလားအပ်သော အုပ်ချုပ်မှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးနှင့် ဧည့်လမ်းညွှန်များ၊ ဟိုတယ်များအား ကြပ်မတ် ထိန်းသိမ်းနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် စည်းကမ်းစနစ်တကျရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မှာကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်သင်ကြားအောင်မြင်ခဲ့ပြီး Vertex Security Service ကုမ္ပဏီက လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးအတွက် ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ဟန်လင်းမြို့ဟောင်း မြို့ဝင်ပေါက်အား တူးဖော်သုတေသနပြုခဲ့

**နေပြည်တော်    နိုဝင်ဘာ    ၂၆**

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းကျေးရွာအနီး၌ တည်ရှိသော ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် ဟန်လင်းမြို့ဟောင်း၏ ကုန်းအမှတ်(၃၃)ကို တူးဖော်သုတေသနပြုခဲ့ရာ အုတ်ဖြင့် ဆောက်လုပ်ထားသည့် မြို့ဝင်ပေါက် လက်တံနှစ်ဖက်ကို တူးဖော်တွေ့ရှိခဲ့ကြောင်း၊ သဘာဝရေ၊ လေတို့ တိုက်စားခံရခြင်းကြောင့် မြောက်ဘက်လက်တံသည် အမြင့်ဆုံးအုတ်ရိုး ၁၆ လွှာနှင့် အနိမ့်ဆုံး အုတ်လွှာ ခြောက်လွှာသာ ကျန်ရှိပြီး တောင်ဘက်လက်တံသည် အမြင့်ဆုံးအုတ်လွှာ ၁၈ လွှာနှင့် အနိမ့်ဆုံးအုတ်လွှာ ခြောက်လွှာသာ ကျန်ရှိကြောင်း၊ ယခုတူးဖော်တွေ့ရှိရသော မြို့ဝင်ပေါက်လက်တံများ၏ ပုံသဏ္ဌာန်တည်ဆောက်ပုံ သဘောတရားသည် ပျူခေတ်မြို့ဝင်ပေါက်များ၏ ပုံသဏ္ဌာန်များအတိုင်း ဖြစ်ကြောင်း။

မြို့ဝင်ပေါက်နှင့် ဘေးတစ်ဖက်တစ်ချက်တွင် ပြာမြေလွှာထုများကို တူးဖော်တွေ့ရှိရခြင်းနှင့် မီးသင့်လောင်ကျွမ်းနေသည့် တိုင်ကြီးများကိုပါ တူးဖော်တွေ့ရှိရသဖြင့် ဟန်လင်းမြို့ဟောင်းသည် မီးလောင်ပျက်စီးခဲ့သည်ဆိုခြင်းကို အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကုန်းအမှတ်(၃၃) တူးဖော်မှုမှ အမှတ်အသားပါအုတ်ချပ်များ၊ အိုးခြမ်းကွဲများ၊ တိရစ္ဆာန်အရိုးများ၊ သံမယ်နများ၊ မြေရှပ်ဒိုး၊ သံလက်နက်၊ မြေဆီမီးခွက်၊ ငွေဒင်္ဂါး၊ ငွေလက်စွပ်၊ မြေပုတီးစေ့များ၊ သံခား၊ သံမြားသွားအနည်းငယ်ကိုလည်း တွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟန်လင်းမြို့ဟောင်း အနောက်ဘက် မြို့ဝင်ပေါက်အား တူးဖော်ပြီး တွေ့မြင်ရပုံ။



### သံမယ်နများ

တူးဖော်သုတေသနပြုရာမှ တွေ့ရှိရသော သံမယ်နများ။



တူးဖော်သုတေသနပြုရာမှ တွေ့ရှိရသော ပျူခေတ်ဒင်္ဂါးပြား။



# အာဆီယံဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အစည်းအဝေးတက်ရောက်သူ ကိုယ်စားလှယ်များအားလုံး မြန်မာနိုင်ငံသို့ ဝင်ရောက်ချိန်မှစ၍ ပြန်လည်ထွက်ခွာချိန်အထိ အဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၆

**(၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံကြေးနန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး၏ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အမှာစကားပြောကြားသည်။**(အောက်ပုံ)



ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပမည့် အစည်းအဝေးတွင် ဝန်ကြီးများနှင့် အခြားအဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်ရှင်ပီသမှု၊ ဧည့်ဝတ်ကျေပွန်မှုနှင့် ယဉ်ကျေးဖော်ရွေမှုတို့ကို ပြသရန်လိုအပ်ကြောင်း၊ အချို့နိုင်ငံများမှ ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ၏ တယ်လီကွန်းဈေးကွက်အခွင့်အလမ်းများကို သိရှိလို၍ လာရောက်လေ့လာခြင်းလည်းရှိရာ တက်ရောက်သူကိုယ်စားလှယ် စုစုပေါင်း ၁၅၀ နီးပါးရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အစည်းအဝေးတက်ရောက်သူ ကိုယ်စားလှယ်များအားလုံး မြန်မာနိုင်ငံသို့ ဝင်ရောက်ချိန်မှစ၍ ပြန်လည်ထွက်ခွာချိန်အထိ အဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

(၂၆-၁၁-၂၀၁၁)

| | | |
|---|---|---|
| **ဟားခါး** | **၃** | **ဒီဂရီစင်တီဂရိတ်** |
| **ပင်လောင်း** | **၇** | **ဒီဂရီစင်တီဂရိတ်** |

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

## အထက(၆) မင်္ဂလာတောင်ညွန့် မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

အထက(၆) မင်္ဂလာတောင်ညွန့် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ညို ဖုန်း-၂၉၀၅၅၂၊ မရီရီဝင်း ဖုန်း-၀၉-၇၃၀၈၃၉၅၂၊ ဦးတင် ထွန်းအောင် ဖုန်း-၀၉-၅၀၄၄၁၇၃၊ မသက်ထားဇာနည် ဖုန်း-၀၉-၅၀၉၇၇၆၀၊ ဒေါ်သန်းနွဲ့(ခ) မသံလုံး ဖုန်း-၀၉-၄၉၂၈၂၇၉၀၊ မောင်ဟန်မြင့်ဆွေ ဖုန်း-၀၉-၄၃၁၇၄၁၄၂၊ ဒေါ်ဝါဝါဦး ဖုန်း-၀၉-၅၁၁၃၉၀၃ နှင့် မမြတ်မြတ်ထွေး ဖုန်း-၀၉-၇၃၀၀၃၃၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## အခြေခံနိုင်ငံခြားဘဏ်လုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံဘဏ်များအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံ နိုင်ငံခြားဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက အမှာစကားပြောကြားရာ၌ သင်တန်းသားများအနေဖြင့် ဤသင်တန်းမှ ပို့ချလိုက်သည့် စာတွေ့သင်ခန်းစာများဖြင့် လက်တွေ့လုပ်ငန်းခွင်၌ နိုင်ငံခြားဘဏ် လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး၊ ငွေရေး၊ ကြေးရေး လုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှုအရည်အသွေး တိုးတက်ကောင်းမွန်စေရေး၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ အာရှဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်များတွင် စီးပွားရေးယှဉ်ပြိုင်နိုင်မှု စွမ်းရည်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းထူးချွန် ပထမဆုရ ပထမပုဂ္ဂလိကဘဏ်မှ ဒုတိယမန်နေဂျာ ဒေါ်သက်သက်အောင်ခင်၊ ဒုတိယဆုရ ရိုးမဘဏ်မှ လက်ထောက်မန်နေဂျာ ဦးသက်ဝင်းနှင့် တတိယဆုရ ရိုးမဘဏ်မှဒုတိယမန်နေဂျာ ဒေါ်ဖြူဖြူဝင်းတို့အား ဆုများချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၇ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၁၁ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားရာတွင် ဆီးချိုသွေးချိုရောဂါသည် ကလေးသူငယ်များတွင်ပါ ပိုမိုဖြစ်ပွားလာနေသည်ကို တွေ့ရကြောင်း၊ ဆီးချိုသွေးချိုရောဂါ စတင်ဖြစ်ပွားသည့် အသက်ငယ်ရွယ်လေနှလုံးသွေးကြောရောဂါ၊ ကျောက်ကပ်ရောဂါ၊ မျက်စိကွယ်ရောဂါစသည့် နောက်ဆက်တွဲဆင့်ပွားရောဂါများ ဖြစ်ပွားရန် အလားအလာ ပိုမိုများလေဖြစ်ကြောင်း၊ ဆီးချိုသွေးချိုရောဂါ အကြောင်းကို မိမိကိုယ်တိုင်သာမက ပြည်သူလူထုတစ်ရပ်လုံး နားလည်သဘောပေါက်လာအောင် အသိပေးရှင်းပြစည်းရုံးပြီး ရောဂါဆိုးကြီးကို ကာကွယ်တားဆီးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်မို့မို့တို့က ဆီးချိုသွေးချိုရောဂါအကြောင်းများနှင့် ကလေးများတွင် ဖြစ်ပေါ်တတ်သော ဆီးချိုရောဂါအကြောင်းတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် သွေးချိုရောဂါ ရှိ/မရှိ စစ်ဆေးခြင်း၊ ကိုယ်အလေးချိန်များ စစ်ဆေးခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဟော်ကီဒိုင်လူကြီးသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခဲ့သည့် ဒိုင်လူကြီးသင်တန်းဆင်းပွဲကို ယနေ့ညနေပိုင်းက သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ကျော်လှိုင်၊ ဦးဇော်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်နှင့် အမှုဆောင်များ၊ ဒိုင်သင်တန်းနည်းပြ ကမ္ဘာ့ဟော်ကီအဖွဲ့ချုပ် ဒိုင်လူကြီး Mr.AMARJIT SINGH SWARAN SINGH၊ မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီနည်းပြများဖြစ်ကြသည့် Mr. MUHAMMAD US MAN၊ Mr. ENBARAJ KANNIAH R. KANNIAN နှင့် သင်တန်းသား ၂၆ ဦး၊ လေ့လာသူ ၁၂ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ဒိုင်သင်တန်းနည်းပြဆရာက ဒိုင်များ၌ ရှိအပ်ရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရေးဖြေ၊ နှုတ်ဖြေများတွင် အမှတ်အများဆုံးရရှိသည့် သင်တန်းသားနှစ်ဦးအား ဆုများချီးမြှင့်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

**(အောက်ပုံ)** (၁၉)



## စနူကာအငယ်တန်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် ASIA ဘိလိယက်နှင့် စနူကာ(လမ်းမတော်)တို့က ကြီးမှူး၍ စနူကာ အငယ်တန်းပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့(လမ်းမတော်မြို့နယ်) လမ်းမတော် သံဈေး(၃)လွှာရှိ ASIA ဘိလိယက်နှင့် စနူကာစင်တာ၌ ကျင်းပခဲ့သည်။

ထိုပြိုင်ပွဲတွင် ပထမဆုကို လင်းကိုကိုကလည်းကောင်း၊ ဒုတိယဆုကို ကိုကျော်မင်းသူကလည်းကောင်း၊ တတိယဆုကို အောင်ကျော်တိုးကလည်းကောင်း ရရှိသည်။ စနူကာ အလွတ်တန်းပြိုင်ပွဲများကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ အဆိုပါစင်တာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်)

## နယူးကာဆယ် တောင်ပံကစားသမား ဆိုင်လ်ဗိန်းမာဗက်စ် လေးလခန့် အနားယူရမည်

**လန်ဒန် နိုဝင်ဘာ ၂၆**

နယူးကာဆယ် တောင်ပံကစားသမား ဆိုင်လ်ဗိန်းမာဗက်စ်သည် ဘယ်ဘက်တင်ပါးနှင့်ပေါင် ခွဲစိတ်မှုခံယူပြီးနောက် ဘောလုံးကစားခြင်းမှ လေးလခန့်အနားယူရတော့မည်ဖြစ်သည်။

၎င်းသည် အဆိုပါဒဏ်ရာအား ယခုလအစောပိုင်းက အဲဗာတန်အား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်အတွင်း ရရှိခဲ့ပြီး အမေရိကန်၌ ခွဲစိတ်မှုခံယူခဲ့ရသည်။

အသက်(၂၆)နှစ်အရွယ် မာဗက်စ်သည် ပြီးခဲ့သည့်ဇွန်လအတွင်းက ရန်နက်စ်အသင်းမှ နယူးကာဆယ်သို့ ရောက်ရှိလာခဲ့သူဖြစ်သည်။

***အင်တာနက်။***

## ဘာရာဇီးလူငယ်ကစားသမား လူးကတ်စ်ကို ခေါ်ယူနိုင်ရန် လီဗာပူး၊ ချယ်လ်ဆီးနှင့် အင်တာတို့ အပြိုင်ကြိုးပမ်း



**ဆော်ပေါ်လို ကွင်းလယ်ကစားသမားလေး လူးကတ်စ်။**

**ဆော်ပေါ်လို နိုဝင်ဘာ ၂၆**

ဆော်ပေါ်လိုအသင်းမှ ဘာရာဇီး လူငယ်ကစားသမား လူးကတ်စ်ကို ခေါ်ယူနိုင်ရန်အတွက် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် လီဗာပူး၊ ချယ်လ်ဆီးနှင့် အီတလီ စီးရီးအေကလပ် အင်တာမီလန်တို့ အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် (၁၉)နှစ်အရွယ် ဆော်ပေါ်လို ကွင်းလယ်ကစားသမားလေး လူးကတ်စ်သည် အင်္ဂလိပ်စာ လေ့လာသင်ယူနေသဖြင့် ပရီမီယာလိဂ်(သို့မဟုတ်) အီတလီ စီးရီးအေသို့ ပြောင်းရွှေ့နိုင်ဖွယ်ရှိကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လူးကတ်စ်၏ အေးဂျင့်ဖြစ်သူ ဝက်ဂ်နာရီဘီဟိုက လူးကတ်စ်၏ ပြောင်းရွှေ့ကြေးမှာ ပေါင်သန်း ၂၀ ဝန်းကျင်ရှိကြောင်း ဆိုသည်။

**ဆုံးဖြတ်ထား**

လူးကတ်စ်က မိမိသည် တစ်ပတ်လျှင် သုံးရက်၊ တစ်ရက်လျှင် တစ်နာရီမျှ ဆရာတစ်ယောက်ဖြင့် အင်္ဂလိပ်စာသင်ယူနေကြောင်း၊ အသင်းပြောင်းရန်အတွက် ဆုံးဖြတ်ထားကြောင်း၊ သို့သော် မည်သည့်အသင်းသို့ မည်သည့်အချိန်တွင် ပြောင်းရွှေ့မည်ကို ထုတ်ဖော်ပြောဆိုရန် စောသေးကြောင်း ပြောကြားခဲ့သည်။

***အင်တာနက်။***

**ဟိုင်းထက်လင်း**

## မန်ယူကွင်းလယ်ကစားသမား အန်ဒါဆင် ဖေဖော်ဝါရီထိ နားရတော့မည်

**မန်ချက်စတာ နိုဝင်ဘာ ၂၆**

မန်ယူကွင်းလယ်ကစားသမား အန်ဒါဆင်သည် ဒူးဒဏ်ရာကြောင့် ဖေဖော်ဝါရီလအထိ ဘောလုံးကစားခြင်းမှ အနားယူရတော့မည်ဖြစ်သည်။

၎င်းသည် နိုဝင်ဘာ ၂ ရက်က ကစားခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်ဖြစ်သည့် ဂါလာတီနှင့်ပွဲတွင် အဆိုပါဒဏ်ရာ ရရှိခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် လွန်ခဲ့သည့်နှစ်နှစ်ခန့်ကလည်း နားရွက်စုတ်ပြဲဒဏ်ရာကြောင့် ပေါ်တူဂီ၌ ဆေးကုသမှုခံယူခဲ့ရသေးသည်။ ယခုလည်း ပေါ်တူဂီ၌ပင် အဆိုပါဒဏ်ရာကို ကုသမည်ဖြစ်သည်။

ယင်းကဲ့သို့ အန်ဒါဆင် ဒဏ်ရာရသွားခြင်းသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် အနားယူနေရသည့် တွန်ကလီဗာလေကြောင့် ကွင်းလယ်အတွက် ခေါင်းစားနေရသည့် ဖာဂူဆန်အတွက် နောက်ထပ် ခေါင်းခဲစေခဲ့သည်။ ***အင်တာနက်။***

## ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆)ခရိုင် ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

၂၀၁၁ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား (၆)ခရိုင် အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ဘိုကလေးမြို့နယ် ပြည်သူ့အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုဝင်ဘာ ၂၅ ရက်တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် ဖျာပုံခရိုင်အသင်းက မြောင်းမြခရိုင်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

နိုဝင်ဘာ ၂၆ ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ပုသိမ်ခရိုင်အသင်းနှင့် လပွတ္တာခရိုင်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ဗိုလ်မှူးခင်ဇော်(ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ရဲမှူးကြီးမောင်မောင်(ငြိမ်း)၊ ဦးစိုးသန်း(သစ်စက်)၊ ဦးသိန်းမြင့်(Five Star)၊ဦးအောင်ဇော်(Ever Green)တို့နှင့်အတူ နိုဝင်ဘာ ၂၀ ရက်တွင် ကရင်ပြည်နယ် ဘားအံဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားကြစဉ် XXIO No. (11) ဘောလုံးကို Wilsom X31 Iron No. (3) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၉၅ ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တစ်နိုင်ငံလုံးရှိ ကျေးရွာအားလုံးတွင် စာကြည့်တိုက်များ ထူထောင်ပြီးဖြစ်သည်ဟုဆိုနိုင် သတ်မှတ်စံ(၅)ရပ်နှင့်ကိုက်ညီသည့် စာကြည့်တိုက်ပေါင်း သုံးသောင်းကျော်ရှိနေပြီဖြစ်

## ကျန်စာကြည့်တိုက်များအားလုံးကိုလည်း စံ(၅)ရပ်နှင့်ကိုက်ညီအောင် ဆက်လက်မြှင့်တင်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၆

**ကျေးလက်ပြည်သူများ အသိပညာဗဟုသုတမြင့်မားရေး၊ ကျေးလက်ပြည်သူများမီဒီယာကိုယ်ခံစွမ်းအားကောင်းမွန်ရေး၊ ယနေ့ပြည်သူတစ်ရပ်လုံးက ဖော်ဆောင်လျက်ရှိသော ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိဖော်ဆောင်နိုင်ရေးဟူသည့် ရည်ရွယ်ချက်(၃)ရပ်ဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ထူထောင်ခဲ့ရာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၅၇၅၅ တိုက် ထူထောင်နိုင်ခဲ့ပြီးဖြစ်သဖြင့် တစ်နိုင်ငံလုံးရှိကျေးရွာအားလုံးတွင် စာကြည့်တိုက်များထူထောင်ပြီးဖြစ်သည်ဟု ဆိုနိုင်ကြောင်း၊ အဆိုပါ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ၏ မြေ၊ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာစောင်၊ ရုပ်မြင်သံကြား၊ ရေဒီယိုစသည်တို့အတွက် အသုံးပြုခဲ့သော တန်ဖိုးပမာဏမှာ ယနေ့အထိ ငွေကျပ် ၁၄ ဒသမ ၀၅၅ ဘီလီယံကျော် ရှိခဲ့ပြီဖြစ်ကြောင်း။**

ထူထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ခိုင်မာတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် စံ(၅)ရပ် သတ်မှတ်၍ မြှင့်တင်ဆောင်ရွက်ခဲ့ရာ သတ်မှတ်စံ(၅)ရပ်နှင့် ကိုက်ညီသည့် စာကြည့်တိုက်ပေါင်း သုံးသောင်းကျော်ရှိနေပြီဖြစ်ကြောင်း၊ ကျန်စာကြည့်တိုက်များအားလုံးကိုလည်း စံ(၅)ရပ်နှင့်ကိုက်ညီသည့် စာကြည့်တိုက်များဖြစ်လာအောင် ဆက်လက်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းကို ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံ(၅)ရပ်နှင့် ကိုက်ညီအောင်၊ ရေရှည်ရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်အောင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**



**မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ပြန်ကြားရေးဝန်ကြီးဌာန နှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ယခုအချိန်သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်ထူထောင်ရန် အားသွန်ခွန်စိုက်ကြိုးပမ်းနေသည့် အရေးကြီးသောအခါသမယဖြစ် နိုင်ငံတကာအသိုက်အဝန်း၏ ထောက်ခံမှုနှင့် အားပေးကူညီမှုတို့သည် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုကို ပံ့ပိုးရာရောက်သဖြင့် ကြိုဆို

နေပြည်တော် နိုဝင်ဘာ ၂၇

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။**

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရန်ကုန်မြို့

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန် ဆောင်ရွက်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ဆုံးဖြတ်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လှိုက်လှဲစွာ ကြိုဆိုပါသည်။ ဤကဲ့သို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းသည် အာဆီယံပဋိညာဉ်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အခွင့်အရေးနှင့် တာဝန်ယူမှုများတွင် တန်းတူရည်တူရှိရမည်ဟူသော ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်နှင့် လိုက်လျောညီထွေရှိပါသည်။

၂။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လိုသကဲ့သို့ ဆောင်ရွက်နိုင်စွမ်းလည်းရှိကြောင်းကို ကော်မရှင်က အပြည့်အဝယုံကြည်မှုရှိပါသည်။ အာဆီယံအဖွဲ့၏ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၏ ဆုံးဖြတ်ချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးတို့ မြှင့်တင်ရန်အတွက် မလွဲမသွေ အထောက်အကူဖြစ်စေပါသည်။ ဤဆုံးဖြတ်ချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဒီမိုကရေစီလူ့အဖွဲ့အစည်း တည်ထောင်ရေး လုပ်ငန်းစဉ်ဖြစ်သည့် ကောင်းမွန်သော အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးလေးစားလိုက်နာရေးစသည့် မူဝါဒများ အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းစဉ်တွင် ခိုင်မာစွာတက်လှမ်းဆောင်ရွက်နေခြင်းကို နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုရာရောက်သည်ဟု မိမိတို့ကော်မရှင်အနေဖြင့် ရှုမြင်ပါသည်။

၃။ အမေရိကန်ပြည်ထောင်စုက ၎င်း၏ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီကလင်တန်ကို မြန်မာနိုင်ငံသို့ စေလွှတ်ရန်ဆုံးဖြတ်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အားရကျေနပ်မိပါသည်။ ယခုအချိန်သည် မြန်မာနိုင်ငံအနေဖြင့် ပြည်သူအပေါင်းအတွက် အမျိုးသားစည်းလုံးညီညွတ်ရေး၊ စီးပွားရေးအခွင့်အလမ်းများပေါ်ထွန်းရေးနှင့် လူ့အခွင့်အရေးမြှင့်တင်ရေးတို့ တိုးတက်မြင့်မားစေမည့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်ထူထောင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည့် အရေးကြီးသော အခါသမယ ဖြစ်ပါသည်။ နိုင်ငံတကာအသိုက်အဝန်း၏ ထောက်ခံမှုနှင့် အားပေးကူညီမှုတို့သည် မြန်မာနိုင်ငံ၏ ဤကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို ပံ့ပိုးရာရောက်သဖြင့် ကြိုဆိုရမည်ဖြစ်ပါသည်။

၄။ နှစ်ပေါင်း (၅၀)အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား နှစ်နိုင်ငံချင်းဆက်ဆံရေးတိုးတက်မြင့်မားစေရန်အတွက် လမ်းစဖော်စေနိုင်သကဲ့သို့ မြန်မာနိုင်ငံ၌ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်တည်ထောင်ရေးအတွက် အပြုသဘောဆောင်သောအခြေအနေများ ဖြစ်ပေါ်စေမည်ဟု ကော်မရှင်က မျှော်လင့်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ ၊ ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်**

### မြန်မာ့လယ်ယာကဏ္ဍတွင်ရင်းနှီးမြှုပ်နှံရန် ဒေသတွင်းနိုင်ငံများ စိတ်ဝင်စား

စားနပ်ရိက္ခာလိုအပ်ချက်၊ စားနပ်ရိက္ခာဖူလုံရေးတို့အတွက် စိုက်ပျိုးမြေအများအပြား ကျန်ရှိနေသည့် နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လို

ပြည်တွင်းသတင်း စာမျက်နှာ >>> ၇



### တောင်ကိုရီးယား ထောင်တစ်ခု၌ အကျဉ်းသားများ၏ မသင်္ကာဖွယ်ရာ အမူအရာများကို စုံစမ်းဖော်ထုတ်နိုင်ရန် အစောင့်စက်ရုပ်များက ကင်းလှည့်စောင့်ကြပ်မည်

နိုင်ငံတကာသတင်း စာမျက်နှာ >>> ၆



### ဘာရာဇီး လူငယ်ကစားသမား လူးကတ်စ်ကို ခေါ်ယူရန် လီဗာပူးလ်၊ ချယ်လ်ဆီးနှင့် အင်တာမီလန်တို့ အပြိုင်ကြိုးပမ်း

အားကစားသတင်း စာမျက်နှာ >>> ၁၀